ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်၊ သောကြာနေ့၊ (14-10-2011)(၆၉၁၂)

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

# အမျိုးသားအဆင့် မြန်မာနိုင်ငံသဘာဝဘေး လျော့ပါးရေးလုပ်ငန်း စီမံချက်များကို ရေးဆွဲထားပြီးဖြစ်

## မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် သဘာဝဘေးအန္တရာယ် ရေရှည်ကာကွယ်ရေးတို့အတွက် လိုအပ်သည့်အစီအမံများ ဆောင်ရွက်ထားကြရန် လမ်းညွှန်ထား နိုင်ငံတော်အနေဖြင့် ပိုမိုကောင်းမွန်သော သဘာဝဘေးစီမံခန့်ခွဲမှုစနစ်တစ်ရပ် ဖြစ်ပေါ်လာအောင် ဆောင်ရွက်သွားမည်

နေပြည်တော်     အောက်တိုဘာ     ၁၃

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ မြန်မာကွန်ဗင်းရှင်းစင်တာ(MICC) ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အပြည်ပြည်ဆိုင်ရာ သဘာဝဘေး လျော့ပါးရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

### တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးများ၊ မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့နှင့် ကော်မတီဝင်များ၊ ကုလသမဂ္ဂ အတွင်းရေးမှူး ချုပ်၏ အထူးကိုယ်စားလှယ် ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေး မဟာဗျူဟာအကြီးအကဲနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်တွင်း ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### မိန့်ခွန်းပြောကြား

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက မိန့်ခွန်းပြောကြားရာတွင် ယနေ့ကျင်းပသော အခမ်းအနားသည် “အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ်အခမ်းအနား” ဖြစ်ပါကြောင်း၊ ကုလသမဂ္ဂ အဖွဲ့ကြီးမှ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ကို နှစ်စဉ် အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပရန် သတ်မှတ်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်း အမှတ်အခမ်းအနားကို ၂၀၁၀ ခုနှစ်တွင် နိုင်ငံတော်အဆင့် ပထမဦးဆုံးအကြိမ်ကျင်းပခဲ့ပြီး ယခု ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်ပါကြောင်း။

ယခုနှစ်၏ “အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့” ဆောင်ပုဒ်မှာ “သဘာဝဘေးအန္တရာယ် လျော့ပါးဖို့ ကလေးနှင့် လူငယ်များက ပူးပေါင်းပါဝင်စို့” (Children and Young People as Partners for Disaster Risk Reduction) ဖြစ်ပါကြောင်း၊ ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင် ကလေးများနှင့် လူငယ်များကိုလည်း အဓိကမိတ်ဖက်ဆောင်ရွက်သူများအဖြစ် ပူးပေါင်းဆောင်ရွက်နိုင်သည်ကို ကမ္ဘာအား အသိပေးရန် ရည်ရွယ်ပါကြောင်း။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**



၁၄-၁၀-၂၀၁၁
(သောကြာနေ့)

# ဆရာ့ဂုဏ်အင် ပညာဖြင့်အလှဆင်

မျက်မှောက်အချိန်အခါတွင် ခေတ်မီသည့် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်နေသည်။ နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ နိုင်ငံတော်ကာကွယ်ရေးအင်အားတို့ တောင့်တင်းခိုင်မာရန် အရေးကြီးသည်။ အဆိုပါအင်အားသုံးရပ် ခိုင်မာစေရေးတွင် အရည်အချင်းမြင့်မား လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွက်နေရေးသည် ပဓာနကျသောအချက် ဖြစ်သည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၏ အဓိကမဏ္ဍိုင်သည် ပညာရေးဖြစ်သည်။ လူသားတစ်ဦးချင်းဖြစ်စေ၊ လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်အနေဖြင့် ဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံအနေဖြင့်ဖြစ်စေ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ရှေးရှုလျှောက်လှမ်းရာတွင် ပညာကိုမဏ္ဍိုင်ပြုပြီး လျှောက်လှမ်းကြရခြင်းဖြစ်သည်။ ယင်းအကြောင်းတရားများကြောင့် နိုင်ငံတော်က လူငယ် လူရွယ်များအပါအဝင် တစ်နိုင်ငံလုံး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းလျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် လူတိုင်းအတွက် ပညာရေးရည်မှန်းချက်နှင့်အညီ အများစု မူလတန်းပညာရေးရရှိရေးကို ကြိုးပမ်းဖော်ဆောင်နေသည်ကို တွေ့ရသည်။ ထို့အတူ အခြေခံပညာကျောင်းများ၏ အရည်အသွေးမြင့်တင်ရေး၊ သင်ထောက်ကူပစ္စည်းများ ပိုမိုအသုံးပြုနိုင်ရေး၊ ပညာရေးဝန်ထမ်းများ၏ အရည်အချင်းမြင့်မားရေးနှင့် ယင်းတို့၏ လူမှုစီးပွားဘဝမြင့်တင်နိုင်ရေး၊ အလယ်တန်းနှင့် အထက်တန်းကျောင်းတက်နှုန်း မြင့်မားလာရေးတို့ကိုလည်း ဆက်လက်ဆောင်ရွက်ကြရဦးမည် ဖြစ်သည်။

ပညာရေးဝန်ထမ်းများအားလုံးသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ပုံဖော်ထုဆစ်ပေးနေကြသူများ ဖြစ်သည်။ စာပေပညာသင်ကြားရေးတာဝန်များကို မိမိတို့အတတ်ပညာစွမ်းအားရှိသမျှ အလေးထား သင်ကြားပေးကြရမည်ဖြစ်သည်။ ထို့အတူ တပည့်များအားလုံး ကာယ၊ ဉာဏ၊ စာရိတ္တ၊ ရသနှင့် အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးမှုစသည့် ဘက်စုံဖွံ့ဖြိုးမှုအလှများ ပြည့်စုံနေအောင် အားထုတ်ပျိုးထောင်ပေးကြရမည်ဖြစ်သည်။

နယ်မြေအသီးသီးမှ ဆရာ၊ ဆရာမများအနေဖြင့်လည်း ကျောင်းပညာရေး၊ ကျောင်းပြင်ပ ပညာရေးနှင့် မိမိတို့ကိုယ်တိုင် သတ်မှတ်သင်ယူသင်ကြားနေသည့် ပညာရေးများ အောင်မြင်တတ်မြောက် ခရီးရောက်အောင် ကြိုးကြိုးစားစား သင်ကြားပေးကြရမည်ဖြစ်သည်။

ဆရာဟူသည် ပညာရေးဥယျာဉ်မှူးများ ဖြစ်ကြသည်။ ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွက်လာရေး ဆက်လက်အားထုတ် ကြိုးပမ်းကြရပေမည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ စေတနာ၊ ဝါသနာ၊ စာနာ၊ အနစ်နာဟူသော နာခုနစ်နာသည် ဆရာကောင်းတို့၏ အခြေခံကောင်းများ၊ ဆရာ့ဂုဏ်အင်လက္ခဏာကောင်းများ ဖြစ်ကြသည်။ ဆရာ၊ ဆရာမများအားလုံးက တပည့်အပေါင်းတို့အား ဆရာ့ဂုဏ်အင် ပညာအဖြာဖြာဖြင့် အလှဆင်ပေးသွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။

# မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်

**နေပြည်တော် အောက်တိုဘာ ၁၃**

ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးလွန်းသီအား သဘာဝဘေး လျှော့ပါးရေးလုပ်ငန်းများဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Ms.Margareta Wahlstrom နှင့်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ကော်မတီအဆောင်အမှတ်(၁) ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအတွင်းရေးမှူး ဦးသိန်းလွင်နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။ (သတင်းစဉ်)



**ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးလွန်းသီအား သဘာဝဘေးလျှော့ပါးရေးလုပ်ငန်းများဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Ms.Margareta Wahlstrom နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၁၄-၁၀-၂၀၁၁ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၇း၀၅ ၁။ နိုင်ငံတော်သီချင်း
- ၇း၁၀ ၂။ တရားတော်
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာ့ရှုခင်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ ဇာတ်လမ်းတို
- ၈း၂၅ ၁၁။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

- ၄း၀၂ ၁။ နိုင်ငံတော်သီချင်း
- ၄း၀၃ ၂။ အဖွင့်သီချင်း
- ၄း၀၅ ၃။ မျိုးချစ်တပ်မတော်
- ၄း၁၀ ၄။ မဟာဂီတချိုကြည်မြ
- ၄း၂၀ ၅။ ပညာပေးဇာတ်လမ်းတို
- ၄း၂၅ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၅ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၅၀ ၈။ အိုင်စီတီသုတ
- ၅း၁၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -ရေအောက်ကမ္ဘာက သက်ရှိသတ္တဝါများ (အပိုင်း-၃၂)
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ "ရွှ"ဟာသဇာတ်လမ်းတွဲ
- ၆း၄၅ ၁၃။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကောင်းကင် (အပိုင်း-၁၆)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ ဒို့တာဝန်အရေး(၃)ပါး
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ ယနေ့ရန်ကုန်မြင်ကွင်းစုံ
- ၂၁။ စိုက်ပျိုးသုတ
- ၂၂။ သံစဉ်များနှင့်ကမ္ဘာ
- ၂၃။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရောင်ပြန်မေတ္တာ (အပိုင်း-၂၆)**
- ၂၆။ ကမ္ဘာတစ်ခွင်ခရီးစဉ်

# အထက(၂) ဗိုလ်တထောင် (St.Philip's) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၃**

အထက(၂) ဗိုလ်တထောင် (St. Philip's)၌ ၁၉၄၅ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အလှူငွေများ ထည့်ဝင်လိုပါက ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးမူ (ငြိမ်း) ဖုန်း-၅၅၈၁၄၅၊ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာမိုးသူ ဖုန်း-၂၉၁၅၂၃၊ ဒေါက်တာထွန်းမြင့် ဖုန်း-၀၉-၅၀၁၈၇၄၃၊ ဦးအောင်ကျော်မြင့် ဖုန်း-၀၉-၅၀၄၇၄၄၂၊ ဦးထွန်းဇော် ဖုန်း-၀၉-၅၁၄၄၈၅၀၊ ဒေါက်တာဝင်းထွန်းဦး ဖုန်း-၀၉-၇၃၀၂၄၉၂၆၊ ဒေါ်သီသီလွင် ဖုန်း-၀၉-၅၁၅၈၁၅၉၊ ဒေါ်သန္တာအောင် ဖုန်း-၀၉-၇၃၁၂၀၁၀၄၊ ဒေါ်မိုးသန္တာ ဖုန်း-၀၉-၅၁၅၂၂၀၉ နှင့် ဒေါက်တာရှင်နှောင်းလွင် ဖုန်း-၀၉-၅၄၁၂၄၀၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# ပန်းအလှပြုပြင်မှု သင်တန်းဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၁၃**

မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်းက ကြီးမှူး၍ အဆင့်မြင့်ပန်းအလှပြုပြင်မှု သင်တန်းအမှတ်စဉ် (၁/၂၀၁၁) ကို အခြေခံပန်းအလှပြုပြင်မှုသင်တန်းဆင်း ၅၀ ဖြင့် အောက်တိုဘာ ၂၀ ရက်မှ ၂၉ ရက်အထိ နေ့စဉ် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအတွင်း ရန်ကုန်မြို့ပြည်သူ့ရင်ပြင်ရှိ အသင်းရုံးခန်းမဆောင်၌ ဖွင့်လှစ်ရန် စီစဉ်ထားသည်။

သင်တန်းကြေး ကျပ် ၃၀၀၀၀ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် အသင်းရုံး ဖုန်း- ၃၇၉၃၆၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)



# ဒိုက်ဦး အထက(ခွဲ)၌ အလှူငွေပေးအပ်ပွဲ ကျင်းပ

**ဒိုက်ဦး အောက်တိုဘာ ၁၃**

ဒိုက်ဦး အထက(ခွဲ)သို့ ကျောင်းသုံးပရိဘောဂနှင့် ကျောင်းဘင်ခရာတီးဝိုင်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဦးမြဖူး-ဒေါ်လှဲ့လှဲ့ဝင်း (ရွှေဖူးကုမ္ပဏီ) ဘီးလင်းမြို့က အလှူငွေကျပ် ၁၅ သိန်း၊ ဦးဇော်မင်းနိုင် (မိဘမေတ္တာစက်ဘီးဆိုင်)က အလှူငွေကျပ် ငါးသိန်း၊ ဒိုက်ဦးမြို့ အမှတ်(၅) ရပ်ကွက်နေ ဦးကျော်ကြီး-ဒေါ်ကြူကြူမော် မိသားစုက အလှူငွေကျပ် ၁၈ သိန်း**(အပေါ်ပုံ)**တို့ကို ဒိုက်ဦးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်ထံ ပေးအပ်လှူဒါန်းခဲ့ကြသည်။

(ကြေးမုံ)

# ရေကြည် အထက အာစရိယပူဇော်ပွဲ ကျင်းပရေး စည်းဝေး၊ အလှူငွေပေးအပ်

**ရန်ကုန် အောက်တိုဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ရေကြည် အထက၏ (၂၅)ကြိမ်မြောက် (ငွေရတု) အာစရိယပူဇော်ပွဲ ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၄ ရက်က ရေကြည်မြို့ ပြည်တော်ဓမင်္ဂလာဓမ္မာရုံ၌ ကျင်းပပြီး **(အောက်ပုံ)** ငွေရတုအထိမ်းအမှတ်အဖြစ် တန်ဆောင်မုန်းလပြည့်ကျော် ၈၊ ၉၊ ၁၀ ရက်များတွင် ကျင်းပရန် ဆွေးနွေးဆုံးဖြတ်ကြသည်။

ဆက်လက်၍ အလှူရှင် ၁၂ ဦးတို့က အလှူငွေကျပ် ၂၅ သိန်းကို လှူဒါန်းသည်။ အလှူငွေပေးပို့လှူဒါန်းလိုပါက ဦးဌေးနိုင်ဝင်း (ရန်ကုန်) ဖုန်း-၀၉-၅၀၆၂၆၆၆၊ ဦးစန်းဌေး (ပုသိမ်) ဖုန်း-၀၉-၂၁၇၃၂၉၈၊ ဦးအုန်းသန်း (တောင်ဖီလာ) ဖုန်း-၀၉-၄၉၂၀၈၈၈၇၊ ဦးညွန့်ဝင်းဇော် (နေပြည်တော်) ဖုန်း-၀၉-၄၉၂၀၀၂၃၅၊ ဒေါ်သဇင်ဆွေ (ရန်ကုန်) ဖုန်း-၀၉-၅၁၉၂၁၀၉၊ ဦးကျော်စွာ (ရေကြည်) ဖုန်း-၀၉-၄၉၇၄၉၀၃၃၊ ဦးမျိုးညွန့် (ရေကြည်) ဖုန်း-၀၉-၈၅၈၃၀၀၈ နှင့် ဦးမောင်ကျော် (ရေကြည်) ဖုန်း-၀၄၆-၅၂၃၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)



## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၃-၁၀-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၈၅၄၉ | ၀. ၀၃၂၄၁ |
| တရုတ် (ယွမ်) | ၆. ၃၈၃၀၀ | ၀. ၁၅၆၇ |
| အိန္ဒိယ (ရူပီး) | ၄၉. ၁၂၅၀ | ၀. ၀၂၀၃၆ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၄၁၅၀ | ၀. ၃၁၈၃၂ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၇၈၀၉ | ၀. ၇၈၂၄၁ |
| ဂျပန် (ယန်း) | ၇၆. ၉၈၃၂ | ၀. ၀၁၃၀၁ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၅၈. ၈၀ | ၀. ၀၀၀၈၆ |
| ယူရို | ၀. ၇၂၈၃၂ | ၁. ၃၇၃၀၂ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၈၀၅ | ၁. ၅၆၇၂၈ |

*အင်တာနက်။*




၂၀၁၁ ခုနှစ် မြန်မာ့ရုပ်ရှင်နေ့ အထိမ်းအမှတ်နှင့် (၄၈)ကြိမ်မြောက် ရုပ်ရှင်သက်ကြီးအနုပညာရှင်များ၊ အတတ်ပညာရှင်များအား ပူဇော်ပွဲအခမ်းအနားတွင် ကန်တော့ခံ ရုပ်ရှင်သက်ကြီး အနုပညာရှင်များ၊ အတတ်ပညာရှင်များအား ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ ဂါရဝပြု ကန်တော့ကြစဉ်။ (သတင်းစဉ်)

# ၂၀၁၁ ခုနှစ် မြန်မာ့ရုပ်ရှင်နေ့ အထိမ်းအမှတ်နှင့် (၄၈)ကြိမ်မြောက် ရုပ်ရှင်သက်ကြီးအနုပညာရှင်များ၊ အတတ်ပညာရှင်များပူဇော်ပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၃

**မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ကြီးမှူးကျင်းပသော ၂၀၁၁ ခုနှစ် မြန်မာ့ရုပ်ရှင်နေ့ အထိမ်းအမှတ်နှင့် (၄၈)ကြိမ်မြောက် ရုပ်ရှင်သက်ကြီးအနုပညာရှင်များ၊ အတတ်ပညာရှင်များအား ပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ၊ ရုပ်ရှင်လောကသားများ တက်ရောက်ကြသည်။**

ရှေးဦးစွာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အတွင်းရေးမှူး ဒါရိုက်တာ အကယ်ဒမီ မလိခစိုးထိုက်အောင်က အပူဇော်ခံ ရုပ်ရှင်သက်ကြီး အနုပညာရှင်များ၊ အတတ်ပညာရှင်များအား အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက နှုတ်ခွန်းဆက်စကားပြောကြားရာ၌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ရုပ်ရှင်လောကသားများ၏အကျိုးကို အမြဲတမ်းကြည့်ပါဆိုသည့် အမှာစကားနှင့်အညီ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့် ပူဇော်သင့် ပူဇော်ထိုက်သည့် ရုပ်ရှင်သက်ကြီး အနုပညာရှင်များ၊ အတတ်ပညာရှင်များအား ပူဇော်သကဲ့သို့ ရုပ်ရှင်လောကသားများထဲက သက်ကြီးရွယ်အို ပုဂ္ဂိုလ်များအား ရုပ်ရှင်သက်ကြီး ထောက်ပံ့ကြေးအဖြစ် လစဉ် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ ထောက်ပံ့သည့် အစဉ်အလာကို ဆက်လက်ကျင့်သုံးလျက်ရှိကြောင်း၊ သက်ကြီးရုပ်ရှင်ပညာရှင်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံစေကြောင်း၊ မြန်မာ့ရုပ်ရှင်လောကကို ဆက်လက်ကူညီပံ့ပိုးပေးနိုင်စေလိုကြောင်း၊ ရုပ်ရှင်လောကသားများနှင့် အလှူရှင်များအားလုံးကိုလည်း နောင်နှစ်များတွင် ယခုထက်မက လှူဒါန်းပံ့ပိုးပေးနိုင်ကြပါစေဟု ပြောကြားလိုပါကြောင်း၊ ယခုနှစ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက သက်ကြီးတစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ စီ ကိုယ်တိုင်ကိုယ်ကျ လာရောက်လှူဒါန်းသည့်အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဘဏ္ဍာရေးမှူး ဒါရိုက်တာ ဒေါ်အိအိခိုင်က အလှူရှင်များစာရင်းကို ဖတ်ကြားတင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ရုပ်ရှင်သက်ကြီး အနုပညာရှင်များ၊ အတတ်ပညာရှင်များအား မြန်မာ့ရိုးရာ အစဉ်အလာနှင့်အညီ ဂါရဝပြုကန်တော့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ဒေါ်စံရှားတင်၊ ဒေါ်မြင့်မြင့်ခင်၊ ဒိုင်ဗင်ဦးတင်လှနှင့် ဗိုလ်ကလေး ဦးတင့်အောင်တို့အား ကန်တော့ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ရုပ်ရှင်အနုပညာရှင်များက ရုပ်ရှင်သက်ကြီးအနုပညာရှင်များ၊ အတတ်ပညာရှင်များအား ကန်တော့ပစ္စည်းများကို ပေးအပ်ကြသည်။

ထို့နောက် ကန်တော့ခံ ရုပ်ရှင်သက်ကြီးအနုပညာရှင်များ၊ အတတ်ပညာရှင်များကိုယ်စား ဗိုလ်ကလေး ဦးတင့်အောင်က ရုပ်ရှင်ပညာသည် မည်သည့်အခါမှ မအိုကြောင်း၊ မိမိတို့ ရုပ်ရှင်အနုပညာရှင်များသည် ငွေရတု၊ ရွှေရတု၊ စိန်ရတုခေတ်က ကြိုးပမ်းလာခဲ့ကြသည့် ပုဂ္ဂိုလ်ကြီးများအတိုင်း ယခု ပတ္တမြားရတုသို့ ပြောင်းလဲလာသည့် အချိန်တွင်လည်း ရုပ်ရှင်လောကအတွက် ဆက်လက်အားသွန်ခွန်စိုက် ကြိုးပမ်းကြရန် တိုက်တွန်းလိုပါကြောင်း၊ နိုင်ငံတော်ကလည်း လိုအပ်သည်များကို ဖြည့်ဆည်းပေးနေကျ ဖြစ်ကြောင်း၊ မျိုးချစ်စိတ်ဓာတ် ထက်သန်စေရန် ဇာတိသွေး၊ ဇာတိမာန် ဖော်ကျူးသည့် မြန်မာရုပ်ရှင်များ၊ နိုင်ငံအကျိုးပြု ဇာတ်လမ်းများ အများအပြားပေါ်ထွက်ခဲ့ရာ ယနေ့ခေတ်တွင်လည်း တတ်နိုင်သမျှ မိမိတို့၏ အစွမ်းအစများ ပြည့်စုံအောင်၊ အကျိုးရှိသည့် လုပ်ရပ်များနှင့် ပြည့်စုံအောင် ကြိုးပမ်းဆောင်ရွက်ကြပါဟု မေတ္တာရပ်ခံလိုကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က ကန်တော့ခံ သက်ကြီးရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များနှင့် ရုပ်ရှင်လောကသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**ယနေ့ အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ငွေကျပ် ၅၇ သိန်း၊ ရွှေသံလွင်ကုမ္ပဏီနှင့် Sky Net မိသားစု၊ ရွှေ FM၊ ဦးဇော်မင်း(မင်္ဂလာ)တို့က ငွေကျပ် ၁၀ သိန်းစီ၊ ရုပ်ရှင်သရုပ်ဆောင် သင်ဇာဝင့်ကျော်၊ နဝရတ်၊ အေးမြတ်သူတို့က ငွေကျပ် ငါးသိန်းစီ၊ Studio-35 က ငွေကျပ် ၃၄၂၀၀၀၊ ရန်ကုန်မြို့တော်စည်ပင်၊ တော်ဝင်မိသားစု၊ ရုပ်ရှင်သရုပ်ဆောင် စိုးပြည့်သဇင်၊ ဝိုင်းစုခိုင်သိန်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးတို့က ငွေကျပ် သုံးသိန်းစီ၊ ဒါရိုက်တာ မောင်နန္ဒ၊ မိတ်ကပ်ကိုမာ၊ ရန်ကုန်တိုင်း ဗီဒီယိုအခြေခံအဖွဲ့၊ ရုပ်ရှင်သရုပ်ဆောင် ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်၊ မိုးဟေကို၊ ထွန်းအိန္ဒြာဗို၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့က ငွေကျပ် နှစ်သိန်းစီတို့ အပါအဝင် အလှူရှင်များက အလှူငွေကျပ် ၁၇၄၄၄၅၅၅၊ ဆေးဝါးနှင့် ကန်တော့ပစ္စည်းများ တန်ဖိုးငွေကျပ်၄၂၂၅၀၀၀တို့ကို လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။**

(သတင်းစဉ်)



**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ၂၀၁၁ ခုနှစ် မြန်မာ့ရုပ်ရှင်နေ့ အထိမ်းအမှတ်နှင့် (၄၈)ကြိမ်မြောက် ရုပ်ရှင်သက်ကြီးအနုပညာရှင်များ၊ အတတ်ပညာရှင်များအား ပူဇော်ပွဲအခမ်းအနားတွင် ဒေါ်မြင့်မြင့်ခင်အား ကန်တော့ပစ္စည်းများ ပေးအပ်စဉ်။** (သတင်းစဉ်)

## ကျန်းမာရေးအတွက် ဆေးတစ်ခွက်

# တမာတစ်ခက် ဆေးတစ်လက်

လောကကြီးမှာ "အနာခံမှ အသာစံရ" ဆိုတဲ့ စကားပုံအတိုင်း လိုက်နာမှ ကိုယ်လိုရာခရီးကို ရောက်နိုင်ပါတယ်။

အခုတင်ပြမယ့် ဆေးနည်းကတော့ ဘာမှ ပင်ပင်ပန်းပန်း ခက်ခက်ခဲခဲ မလုပ်ရဘဲ မြန်မာနိုင်ငံ ဘယ်နေရာမှာမဆို ပေါပေါများများရနိုင်တဲ့ တမာရွက်ကို အရင်းရယူထားဖို့ပဲ လိုပါတယ်။

ကျွန်တော့်မှာ ၁၉၉၈ ခုနှစ်လောက်က လက်ချောင်းထိပ်ဖျားမှာ မြန်မာအခေါ် လက်သည်းပိုးဝင်တဲ့ရောဂါဖြစ်ဖူးပါတယ်။ တစ်ခါတစ်ခါ လက်သည်းခွံနဲ့ အသားစပ်ကြားက ပြည်တောင်ထွက်လာတတ်ပါတယ်။ ဒါနဲ့ လက်လှမ်းမီရာ အနောက်တိုင်း ထိုးဆေး၊ စားဆေး၊ လိမ်းဆေးတွေကိုပဲ အားထားပြီး ဆရာဝန်နဲ့ ကုသခဲ့ပါတယ်။ ဝေဒနာခံစားရတာ မပျောက်ကင်းပါ။ လက်သည်းပိုးရောဂါအတွက် အစွမ်းထက်တဲ့ အနောက်တိုင်းဆေးဝါးကို အဲဒီတုန်းက မသိလို့လည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ တတ်ကျွမ်းတဲ့သမားတော်ကြီးနဲ့ မပြမိခဲ့လို့လည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

အမှန်တိုင်းဝန်ခံရရင် မြန်မာဗိန္ဓောဆေးကုထုံး၊ မြန်မာ့ဆေးမြီးတိုများကို ကျွန်တော် မယုံကြည်လို့လည်း ဖြစ်ပါတယ်။ အနောက်တိုင်းဆေးဝါးလောက် မြန်မာ့ဆေးက သိပ်ပွဲနည်းမကျဘူးဆိုပြီး ယူဆထားလို့ပါ။ မြန်မာ့ဆေးဝါးကို အထင်သေးမိတာကြောင့် သုံးနှစ်လုံးလုံးရောဂါခံစားခဲ့ရပါတယ်။

လက်သည်းပိုးရောဂါဟာ မြန်မာ့ဆေးမြီးတိုနဲ့ ပျောက်ကင်းသွားတဲ့ အခါကျတော့မှ ကျွန်တော့်ယူဆချက်ပါစင်အောင် လွဲမှားခဲ့ကြောင်း နောင်တရမိပါတယ်။ မြန်မာဗိန္ဓောဆေး ဆေးမြီးတိုတို့ဟာ ဘိုးစဉ်ဘောင်ဆက် သုံးစွဲလာတာမို့လို့ ဒီဆေးတွေကို အထင်မသေးသင့်ပါ။

တစ်နေ့မှာ ရုံးဝန်ထမ်း သမီးပျို တစ်ယောက်က အခုလိုပြောပါတယ်။ "လက်သည်းပိုးကို မြန်မာဆေးနဲ့မှ ပျောက်ပါတယ်. . တဲ့။ တမာရွက်ကို ဆားရယ် ရေသန့်ရယ်ရောပြီး အိုးတစ်လုံးနဲ့ ကျိုချက်ပါ။ တမာရွက်ပြုတ်တဲ့အခါ တမာရွက်ကို နူးနပ်နေအောင်ပြုတ်ပေးပါ။ ပြီးတော့ အိုးထဲကို တမာရွက်ပြုတ်ရည်ကို လိုသလောက်ခပ်ယူပြီး လက်ချောင်းများကို ပွတ်တိုက်ပေးပါ။ မနက်တစ်ခါ ညတစ်ခါ ပုံမှန်လက်ချောင်းကို ဆေးပေးပါ. . ." လို့။

ကျွန်တော် မယုံတစ်ဝက် ယုံတစ်ဝက်နဲ့ သူခူးလာပေးတဲ့တမာရွက်ကို ဆားနဲ့ပြုတ်အအေးခံပြီး နေ့တိုင်းလက်ချောင်းများကို ဆေးကြောပွတ်တိုက်ပေးပါတယ်။ တမာပြုတ်ရည်ကို အနေတော် အိုးတစ်လုံးနဲ့ ပြုတ်ထားတာမို့ ကျန်နေတဲ့ဆေးရည်ကို ဆက်လက်ပြုတ်သွားလိုက် လိုအပ်သလောက် ယူသုံးလိုက်နဲ့ ပြုတ်ရည်တစ်အိုးကို သုံးရက်လောက် အသုံးပြုရပါတယ်။

တစ်လလောက် မနက်တစ်ခါ ညနေတစ်ခါ လက်ကို အကြိမ်ကြိမ်ပွတ်တိုက်ပေးပြီးတဲ့နောက် သိသိသာသာပဲ လက်သည်းပိုးရောဂါ ပျောက်ကင်းသွားပါတယ်။ ယနေ့တိုင် ကျွန်တော့်အနားကို ဒီပိုးတွေ မသီရဲတော့ပါ။ မြန်မာဆေးမြီးတိုတန်ဖိုးကား ကြီးမားပေစွ. . . ။

ကျေးဇူးတရားဆိုတာ အရောင်မရှိ၊ အဆင်းမရှိ၊ အနံ့မရှိ၊ အရသာမရှိ လက်နဲ့ ထိတွေ့ကိုင်တွယ်ခြင်းငှာ မစွမ်းသာ။ ဒါပေမယ့် ကျေးဇူးပြုသူနဲ့ ကျေးဇူးခံယူသူ နှစ်ဦးနှစ်ဖက်တို့ရဲ့ စိတ်ချမ်းသာမှုအတိုင်းအတာမှာကား မိုးမြေမကများပြားလှကြောင်းပါ။

ဒါကြောင့် "တမာတစ်ခက် ဆေးတစ်လက်" ကို လမ်းညွှန်ခဲ့သူ ဝန်ထမ်းသမီးပျိုကလေးကို ယနေ့တိုင် ကျေးဇူးတင်မဆုံးပါ။

ရွှေခိုင်သိန်း(ဘဏ)

## မြောက်ပိုင်းဒေသများတွင် မိုးဆက်လက် လျော့နည်းမည်

**နေပြည်တော် အောက်တိုဘာ ၁၃**

### ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ မွန်ပြည်နယ်တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ခရမ်းမြို့တွင် ၁ ဒသမ ၃၀ လက်မ၊ မှော်ဘီမြို့တွင် ၁ ဒသမ ၁၁ လက်မနှင့် ကော့သောင်းမြို့တွင် သုည ဒသမ ၉၅ လက်မတို့ ဖြစ်ကြသည်။

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

### နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးဆက်လက်လျော့နည်းနေမည်။

 နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

## အကျဉ်းသား အပြန်အလှန်ဖလှယ်ကြရန် အစ္စရေးနှင့် ဟားမားစ်အဖွဲ့ သဘောတူ

**ဂျေရုဆလင် အောက်တိုဘာ ၁၃**

အစ္စရေးနှင့် ပါလက်စတိုင်း ဟားမားစ် အဖွဲ့တို့အကြား အကျဉ်းသား အပြန်အလှန် ဖလှယ်ကြရန် သမိုင်းဝင် သဘောတူညီချက်တစ်ရပ်ကို ရရှိလိုက်ပြီဖြစ်ကြောင်း နှစ်ဖက်တာဝန်ရှိသူများက အောက်တိုဘာ ၁၃ ရက်တွင် ပြောကြားသည်။

အဆိုပါ သဘောတူညီချက်အရ ဟားမားစ်အဖွဲ့က ဖမ်းဆီးထားသော အစ္စရေးတပ်ဖွဲ့ဝင် ဂီးလတ်ရှာလစ်ကို အစ္စရေးက ဖမ်းဆီးထားသော ပါလက်စတိုင်းအကျဉ်းသား တစ်ထောင်ကျော်နှင့် ဖလှယ်ရန်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

အကယ်၍ ယင်းသဘောတူညီချက်ကို အကောင်အထည်ဖော်မည် ဆိုပါက လူငယ်တပ်ဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂီးလတ်ရှာလစ်အနေဖြင့် ငါးနှစ်ကျော် ချုပ်နှောင်ခံထားရခြင်းမှ အဆုံးသတ်မည်ဖြစ်သည်။

ဂါဇာမြို့အခြေစိုက် ဟားမားစ် စစ်သွေးကြွများသည် ၂၀၀၆ ခုနှစ် ဇွန်လက ဂီးလတ်ရှာလစ်ကို ဖမ်းဆီးခဲ့သည်။

အကျဉ်းသား အပြန်အလှန်ဖလှယ်ရေး သဘောတူညီချက်ကို အစ္စရေးအစိုးရအဖွဲ့က အောက်တိုဘာ ၁၂ ရက်တွင် တရားဝင်အတည်ပြုပေးခဲ့သည်။

ဂီးလတ်ရှာလစ်အား ပြန်လည်လွှတ်ပေးရေးကိစ္စနှင့် ပတ်သက်၍ ဟားမားစ်အဖွဲ့နှင့် အကြိတ်အနယ်ဆွေးနွေးခဲ့ကြောင်း၊ ၎င်းသည် ရက်အနည်းငယ်အတွင်း ပြန်လည်လွတ်မြောက်လာမည်ဖြစ်ကြောင်း အစ္စရေးအစိုးရက ပြောကြားသည်။ **အင်တာနက်။**

## သတ္တုတူးဖော်မှုများကြောင့် မဟာတံတိုင်းကြီး ပျက်စီးရ

**ပေကျင်း အောက်တိုဘာ ၁၃**

တရုတ်နိုင်ငံအတွင်းရှိ ရာစုနှစ်ပေါင်းများစွာ သက်တမ်းရှည်ကြာခဲ့ပြီဖြစ်သော မဟာတံတိုင်းကြီး၏ အစိတ်အပိုင်းများသည် တရားမဝင် သတ္တုတူးဖော်သူများ ပယောဂကြောင့် ပြိုကျနေပြီဖြစ်ကြောင်း တရုတ်နေ့စဉ်သတင်းစာ၏ အဆိုကို ကိုးကား၍ အောက်တိုဘာ ၁၃ ရက် သတင်းများတွင် ဖော်ပြထားသည်။

မိုင်ပေါင်း ၅၅၀၀ ရှည်လျား၍ အရှေ့မှ အနောက်သို့ သွယ်တန်းတည်ဆောက်ထားသော မဟာတံတိုင်းကြီးသည် တရားမဝင် သတ္တုတူးဖော်သူများကြောင့် ပျက်စီးယိုယွင်းလာကြောင်း တရုတ်နေ့စဉ်သတင်းစာတွင် ရေးသားဖော်ပြထားသည်။

တရုတ်နိုင်ငံမြောက်ပိုင်း ဟီပေပြည်နယ် လိုင်ယွန်ခရိုင်ရှိ ၉၄ မိုင်ရှည်လျားသော မဟာတံတိုင်းကြီး၏ အစိတ်အပိုင်းသည် တရားမဝင် သတ္တုတူးဖော်သူများက ကြေးနီ၊ သံနှင့် နီကယ်လ် စသော သတ္တုများအား တူးဖော်ထုတ်ယူမှုကြောင့် ပြိုကျပျက်စီးရကြောင်း တရုတ်နေ့စဉ်သတင်းစာ၏ အဆိုအရသိရသည်။

တရုတ်နိုင်ငံ၏ ကမ္ဘာကျော် အထိမ်းအမှတ်ဖြစ်သော မဟာတံတိုင်းကြီး၏ ၈၀ ရာခိုင်နှုန်းသည် အခြေအနေဆိုးရွားလျက်ရှိရာ ခရီးသွားလုပ်ငန်းနှင့် ပြုပြင်ထိန်းသိမ်းမှု လုံလောက်မှုမရှိခြင်းကြောင့် ယင်းသို့ဖြစ်ခဲ့ရကြောင်း ပြစ်တင်ခဲ့ကြသည်။

လေ့လာမှုများအရ မဟာတံတိုင်းကြီး ပျက်စီးထိခိုက်ရခြင်းတွင် တရားမဝင် သတ္တုတူးဖော်ရေးလုပ်ငန်းများက အခရာကျကြောင်း သိရသည်။ ***အင်တာနက်။***



**ဗီယက်နမ်နိုင်ငံ တောင်ပိုင်း မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသရှိ အင်ဂျိုင်းပြည်နယ်၌ ရေလွှမ်းမိုးမှု ဖြစ်ပွားလျက်ရှိရာ ဒေသခံများ ရေစီးဒဏ်ကြောင့် ကျိုးပေါက်သွားသော တာတစ်ခုကို ပြင်ဆင်စဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ ရေလွှမ်းမိုးမှုများကြောင့် ၄၃ ဦး သေဆုံးပြီး နေအိမ် ၇၀၀၀၀ ခန့် ရေနစ်မြုပ်

**ဟနွိုင်း အောက်တိုဘာ ၁၃**

ဗီယက်နမ်နိုင်ငံတောင်ပိုင်း မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသရှိ ပြည်နယ်များ၌ ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ရာ ၄၃ ဦးထက်မနည်း သေဆုံးပြီး နေအိမ်အလုံးပေါင်း ၇၀၀၀၀ ခန့် ရေနစ်မြုပ်လျက်ရှိကြောင်း ယင်းနိုင်ငံရှိ သတင်းဌာနများက အောက်တိုဘာ ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ရေလွှမ်းမိုးမှုဒဏ်ကို အဆိုးရွားဆုံး တွေ့ကြုံခံစားကြရသော ပြည်နယ်များမှာ ဒေါင်သက်၊ အင်းဂျိုင်းနှင့် လောင်အန်းပြည်နယ်များဖြစ်ကြသည်။

စပါးစိုက်ခင်း ဟက်တာ ၆၀၀၀ ခန့်မှာ ရေနစ်မြုပ်လျက်ရှိသည်။

လွန်ခဲ့သည့်ကိုးလတာကာလအတွင်း ယခုနှစ်၏ အဆိုးရွားဆုံးသော ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ကြောင်း မိုးလေဝသ ပညာရှင်များက ပြောကြားကြသည်။

အိမ်နီးချင်း ကမ္ဘောဒီးယားနိုင်ငံမှ စီးဆင်းလာသော မြစ်ရေမှာ အရှိန်အဟုန်ပြင်းစွာ စီးဆင်းလာခြင်းကြောင့် ဗီယက်နမ်နိုင်ငံ တောင်ပိုင်းရှိတာတမံများ ကျိုးပေါက်ခဲ့ရသည်။

မဲခေါင်မြစ်၏ မြစ်ကြေပိုင်းသို့ စီးဆင်းလာသော ရေထုပမာဏမှာ ကုဗမီတာ ၄၉၀ ဘီလီယံ ရှိနိုင်သည်ဟု ခန့်မှန်းရကြောင်း၊ ဖော်ပြပါရေထုပမာဏ၏ ၇၀ရာခိုင်နှုန်းမှ ၈၀ရာခိုင်နှုန်းမှာ ဗီယက်နမ်နိုင်ငံ ကျူလောင်းမြစ်၏ မြစ်ဝကျွန်းပေါ်ဒေသသို့ စီးဝင်ကြောင်း ဗီယက်နမ် ရာသီဥတုပြောင်းလဲမှုလေ့လာရေးသိပ္ပံဌာနက ပြောကြားသည်။

ရေလွှမ်းမိုးသောရာသီအတွင်း တစ်စက္ကန့်လျှင် ကုဗမီတာ ၄၀၀၀၀ ခန့်နှုန်းဖြင့် စီးဆင်းကြောင်း အဆိုပါသိပ္ပံပညာရှင်က ပြောကြားသည်။ ***ဆင်ဟွာ။***



## ရုရှားနှင်းလွင်ပြင်ဒေသ၌ နှင်းလူများနေထိုင်နိုင်

**လန်ဒန် အောက်တိုဘာ ၁၃**

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသ နှင်းလွင်ပြင်များ၌ ယီတီခေါ် နှင်းလူသတ္တဝါများ လှည့်လည်ကျက်စားကြသည်ဟူသော သက်သေအထောက်အထားများသည် ခိုင်လုံသလောက်ရှိကြောင်း သိပ္ပံပညာရှင်များ၊ နှင်းလူသတ္တဝါများနှင့် ပတ်သက်၍ စိတ်ဝင်စားသူများက ယုံကြည်လျက်ရှိသည်ဟု ဂါဒီယန်သတင်းစာက အောက်တိုဘာ ၁၂ ရက်တွင် ဖော်ပြထားသည်။

မော်စကိုမြို့တော် အရှေ့ဘက်မိုင် ၂၀၀၀ ခန့်အကွာရှိ ကီမာရိုဗိုဒေသ တက်ရှ်တာဂေါလ်မြို့၌ တစ်ရက်ကြာ ညီလာခံတစ်ရပ်ကျင်းပခဲ့ပြီးနောက် ရုရှား၊ ကနေဒါနှင့် ဆွီဒင်နိုင်ငံတို့မှ ကျွမ်းကျင်သူများက ဒဏ္ဍာရီဆန်လှသော နှင်းလူသတ္တဝါကြီးများ တည်ရှိမှုမှာ ၉၅ ရာခိုင်နှုန်းသေချာကြောင်း ထုတ်ဖော်ကြေညာခဲ့ကြသည်။

နှင်းလူဟူ၍ အများသိကြသော ယီတီသတ္တဝါကြီးများကို တွေ့မြင်ခဲ့ရကြောင်း ဆိုက်ဘေးရီးယား နှင်းလွင်ပြင်ဒေသနေ ဒေသခံပြည်သူများက မကြာသေးမီနှစ်များအတွင်း သတင်းပေးပို့ခဲ့ကြသည်။

ကီမာရိုဗိုဒေသရှိ အေဇက်စကီလိုဏ်ဂူနှင့် ကာရာတက်တောင်ထိပ်တို့၌ နိုင်ငံတကာကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့က နှစ်ရက်ကြာ စူးစမ်းလေ့လာမှုများပြုလုပ်ခဲ့ရာ ယင်းဒေသ၏ နှင်းလွင်ပြင်များတွင် ယီတီသတ္တဝါများ တည်ရှိသည်ဟူသောအချက်အား မငြင်းနိုင်သည့် သက်သေအထောက်အထားများ တွေ့ရှိခဲ့ကြောင်း ကီမာရိုဗိုဒေသအာဏာပိုင်များက အောက်တိုဘာ ၁၀ ရက်က ကြေညာခဲ့သည်။

ခိုင်မာသည့် သက်သေအထောက်အထားနည်းပါးလွန်းခြင်းကြောင့် နှင်းလူများတည်ရှိမှုနှင့်ပတ်သက်၍ သိပ္ပံပညာရှင်အသိုက်အဝန်းအတွင်း သမိုင်းနှင့်ချီ၍ အငြင်းပွားခဲ့ကြရသည်။

သို့ရာတွင် ကီမာရိုဗိုဒေသ၌ လေ့လာခဲ့ကြသော ကျွမ်းကျင်သူပညာရှင်များသည် နှင်းလူတို့၏ ခြေရာများ **(အပေါ်ပုံ)**၊ ၎င်းတို့ အိပ်စက်ခဲ့သည်ဟု ယူဆရသောနေရာများနှင့် အခြားသော အမှတ်အသားများ တွေ့ရှိခဲ့ကြကြောင်း သတင်းတွင် ဖော်ပြသည်။ ***အင်တာနက်။***



## အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ငလျင်လှုပ်ခတ်၊ ဆူနာမီဖြစ်ပေါ်နိုင်သည့် ပြင်းအားမရှိ

**ဘာလီ(အင်ဒိုနီးရှား) အောက်တိုဘာ ၁၃**

အင်ဒိုနီးရှားနိုင်ငံ၏ နာမည်ကျော် အပန်းဖြေကျွန်းဖြစ်သည့် ဘာလီတွင် ကြာသပတေးနေ့က ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်သွားရာ လူ ၅၀ ကျော် ဒဏ်ရာရရှိ၍ ဟိုတယ်များ၊ နေအိမ်များမှ လူအများအပြားမှာ ကြောက်လန့်ကာ ထွက်ပြေးကြကြောင်း အေပီသတင်းတွင် ဖော်ပြထားသည်။

အထက်တန်းကျောင်းနှစ်ကျောင်းမှ မျက်နှာကြက်များနှင့် ဟိန္ဒူရှေးဟောင်းဘုရားကျောင်းများမှ ကျောက်တုံးများ၊ နံရံများ ပြိုကျပျက်စီးခဲ့သည်။ မြို့တော်တစ်ခွင်၌ မောင်းနှင်သွားလာလျက်ရှိသော ကားအချို့အပေါ် အဆောက်အအုံများမှ ကွန်ကရစ်အစိုင်အခဲများ ပြုတ်ကျ၍ ပျက်စီးကြရသည်။

ယင်းငလျင်သည် ဘာလီကျွန်း၏ အနောက်တောင်ဘက် မိုင် ၆၀ အကွာ ပင်လယ်ကြမ်းပြင်အောက် ၂၁ မိုင်ကိုဗဟိုပြု၍ လှုပ်ခတ်ခြင်းဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စု ဘူမိဗေဒလေ့လာရေးစခန်းက ပြောကြားခဲ့သည်။

အိမ်နီးချင်း ဂျာဗားနှင့် လွန်ဘော့ကျွန်းများတွင်လည်း ငလျင်ဒဏ်ခံစားခဲ့ကြရပြီး ဆူနာမီဖြစ်ပေါ်ရန်အတွက် လုံလောက်သည့်ပြင်းအားမရှိဟု ဆိုသည်။

လူ ၅၀ကျော် ဒဏ်ရာရရှိ၍ အချို့သည် အရိုးကျိုးခြင်း၊ ခေါင်းတွင်ဒဏ်ရာရရှိခြင်းတို့ကြောင့် အရေးပေါ်ကုသပေးလျက်ရှိကြောင်း ဆေးရုံမှပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **အင်တာနက်။**



**အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ငလျင်လှုပ်စဉ်အတွင်း အပျက်အစီးများ ပြုတ်ကျမှုကြောင့် ပျက်စီးခဲ့ရသော ယာဉ်တစ်စင်းကို အောက်တိုဘာ ၁၃ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## နေတိုးလောင်စာတင်ယာဉ်များ ပါကစ္စတန်၌ မီးရှို့ခံရ

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၁၃**

အာဖဂန်နစ္စတန်ရှိ အမေရိကန်နှင့် နေတိုးတပ်ဖွဲ့များအတွက် ပေးပို့သော လောင်စာတင်ယာဉ်သုံးစီးကို စစ်သွေးကြွများအဖြစ် သံသယရှိရသူများက အောက်တိုဘာ ၁၃ ရက်တွင် ပါကစ္စတန်တောင်ပိုင်း၌ မီးရှို့ဖျက်ဆီးလိုက်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံ ဆင်းပြည်နယ် ရှာကာပါးခရိုင်တွင် မော်တော်ဆိုင်ကယ်များ စီးနင်းလာသော သေနတ်သမားများက နေတိုးလောင်စာတင်ယာဉ်များအား သေနတ်များဖြင့်ပစ်ခတ်ရာ ယာဉ်များ မီးလောင်သွားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ယင်းဖြစ်ရပ်သည် ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ကရာချိဆိပ်ကမ်းမြို့နှင့် ဆက်သွယ်ထားသော အဓိက အဝေးပြေးလမ်းမကြီးတွင် ဖြစ်ပွားကြောင်း၊ ယင်းလမ်းမကြီးသည် အာဖဂန်နစ္စတန်နိုင်ငံသို့ ထောက်ပံ့ရေးပစ္စည်းများ အဓိကပို့ဆောင်ရာ လမ်းကြောင်းတစ်ခုဖြစ်ကြောင်း သတင်းတွင်ပါရှိသည်။ **ဆင်ဟွာ။**



## အမေရိကန်သမ္မတဟောင်း ဂျော့ဂျ်ဘုရှ်အား တရားစွဲဆိုရန် ကနေဒါကို အမ်နက်စတီ တောင်းဆို

**လန်ဒန် အောက်တိုဘာ ၁၃**

အမေရိကန်ပြည်ထောင်စု ဦးဆောင်သော အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ပွဲကို ဦးဆောင်ညွှန်ကြားခဲ့စဉ်အတွင်း ညှဉ်းပန်းနှိပ်စက်မှုများပြုလုပ်နိုင်ရန် အခွင့်အာဏာပေးအပ်ခဲ့သည့် အမေရိကန်သမ္မတဟောင်း ဂျော့ဂျ်ဒဗလျူဘုရှ်**(ဓါတ်ပုံ)**အား တရားစွဲဆိုရန် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့(အမ်နက်စတီ)က ကနေဒါနိုင်ငံကို အောက်တိုဘာ ၁၂ ရက်တွင် တောင်းဆိုခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတဟောင်း ဘုရှ်သည် ကနေဒါနိုင်ငံ ဗြိတိသျှ ကိုလံဘီယာပြည်နယ် ဆာရေးမြို့၌ အောက်တိုဘာ ၂၀ ရက်တွင်ကျင်းပမည့် စီးပွားရေးဆိုင်ရာ ထိပ်သီးညီလာခံတစ်ခုသို့ တက်ရောက်မည်ဟု မျှော်လင့်ရသည်။

သမ္မတဟောင်းဘုရှ်သည် လူ့အခွင့်အရေးချိုးဖောက်မှု တသီတတန်းအတွက် တာဝန်ရှိကြောင်း လန်ဒန်အခြေစိုက် အမ်နက်စတီအဖွဲ့က ကနေဒါရှေ့နေချုပ်ထံသို့ လွန်ခဲ့သောလတွင်ပေးပို့ခဲ့သည့် စာလွှာတစ်စောင်၌ ဖော်ပြထားသည်။

ညှဉ်းပန်းနှိပ်စက်မှုအပါအဝင် နိုင်ငံတကာ တရားဥပဒေနှင့် ငြိစွန်းနေသည့် ရာဇဝတ်မှုများအတွက် တာဝန်ရှိသည့်အလျောက် အမေရိကန်သမ္မတဟောင်း ဂျော့ဂျ်ဘုရှ်အား တရားစွဲဆိုရန် ကနေဒါနိုင်ငံအနေဖြင့် လိုအပ်ကြောင်း အမ်နက်စတီက ထုတ်ပြန်သော ကြေညာချက်တစ်စောင်၌ ဖော်ပြထားသည်။

သမ္မတဟောင်းဘုရှ် ကျူးလွန်ခဲ့သည့် အပြစ်များနှင့်ပတ်သက်၍ တရားဥပဒေအရ လုပ်ဆောင်ရန် အမေရိကန်အာဏာပိုင်များက ပျက်ကွက်ခဲ့ခြင်းကြောင့် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် ယင်းကိစ္စအား ဆက်လက်ကိုင်တွယ်ဖြေရှင်းသင့်ကြောင်း အမ်နက်စတီတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ ***အင်တာနက်။***



သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်ဦးသိန်းညွန့်၊ ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်ဦးနှင့် တပ်တွင်းဝတ်ဖြူတော်အသင်းဥက္ကဋ္ဌ ဦးလှသောင်းတို့ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီလှည့်လည်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)



# ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ (၉၃)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီလှည့်လည်ပူဇော်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၃

**နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ (၉၃)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီလှည့်လည်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နှစ်ကျိပ်ရှစ်ဆူစံကျောင်းတော် တပ်တွင်းမွှာရုံ၌ ကျင်းပသည်။**

အခမ်းအနားတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်၊ ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်ဦးနှင့် တပ်တွင်းဝတ်ဖြူတော်အသင်းဥက္ကဋ္ဌ ဦးလှသောင်းတို့က နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီလှည့်လည်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဝတ်ဖြူတော်အသင်းများမှ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီ ကြွချီလှည့်လည်ပူဇော်ရန် ပင့်ဆောင်လာရာ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်နှင့် တက်ရောက်လာကြသည့် မိသားစုများက ဗုဒ္ဓရုပ်ပွားတော်များအား ကြည်ညိုပူဇော်၍ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့တိုင်း နှစ်စဉ်ကျင်းပသည့် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီလှည့်လည်ပူဇော်ပွဲသည် ပျဉ်းမနားမြို့နယ်၌ နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပမြဲဖြစ်သည့် ပွဲတော်တစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

## သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၄-၁၀-၂၀၁၁ (သောကြာနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၃၀ ၂။ နံနက်ခင်းသတင်း
၇း၄၀ ၃။ အဂ္ဂိဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၅။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၅ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၁၅ ၇။ "တရုတ်နိုင်ငံ၏ လေစွမ်းအင်အသုံးပြုမှု"
၈း၂၅ ၈။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) [အခြေခံပညာ (၅-၁၀)အဆင့်] (အမျိုးသား၊ အမျိုးသမီး)
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၀၅ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၁၅ ၃။ "ချစ်သောမြေချစ်သောရေ"
၄း၂၅ ၄။ အတီးပြိုင်ပွဲ
၄း၃၀ ၅။ နှောင်းခေတ်တေးပဒေသာ
၄း၄၅ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (စီးပွားရေးပညာ၊ အိမ်တွင်းစီးပွား အထူးပြုများ) (စီးပွားရေးပညာ)
၅း၀၀ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၅ ၈။ မြန်မာစာ၊ မြန်မာစကား
၅း၁၅ ၉။ တေးဂီတအစီအစဉ်
၅း၂၅ ၁၀။ ရိုးသားဖြူစင်ကလေးတို့အသွင်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ ရသစုံလင် အင်တာနက်ဥယျာဉ်
၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကြံကြံဖန်ဖန်အမွေဆိုင်" (အပိုင်း-၃၅)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ လှုပ်တစ်ပြက်ဟာသများ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးနောက်ဆုံး ချစ်ပုံပြင်" (ဒုတိယတွဲ) (အပိုင်း-၁၀)**
၂၀။ သီချင်းချစ်သူ (မေခလာ)
၂၁။ အစီအစဉ်ပြီး၏။

# မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၃**

သဃ်န်းကျွန်းမြို့နယ် [ယခင်မသင်မနေရ မူလတန်းကျောင်း ဆယ်သိန်း၊ ၁၉၅၄ အမက (၂) ဆယ်သိန်း] ယခုအလက (၃) ဆယ်သိန်း၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့)တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများသည် ဦးဇော်ဝင်း (ကျောင်းအုပ်ကြီး) ဖုန်း-၅၆၆၁၃၆၊ ဒေါ်စွမ်အင် ဖုန်း-၅၇၃၉၃၈၊ ဦးခင်ဟုတ် ဖုန်း-၀၉-၅၄၀၅၃၄၅၊ ဦးကျော်မိုး ဖုန်း-၅၆၁၈၃၂၊ ၀၉-၅၁၄၁၂၅၆၊ ဦးသိန်းမြင့် ဖုန်း-၀၉- ၅၀၉၄၉၄၂၊ ဦးကျော်စိုး ဖုန်း-၀၉-၅၀၅၆၀၁၆၊ ဦးဇော်မိုးအောင် ဖုန်း-၀၉-၇၃၁၁၂၈၅၁၊ ဦးလင်းလင်းထွန်း ဖုန်း-၀၉-၅၁၄၉၄၇၃ နှင့် ဦးသန့်ဇင် ဖုန်း-၀၉-၅၁၄၂၂၇၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်နိုင်ရေးအလံပေးအပ်ပွဲ အခမ်းအနား စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်နိုင်ရေးအလံပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၀ ရက် ည ၇ နာရီတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး တက်ရောက်၍ အမှာစကားပြောကြားပြီး အုပ်ချုပ်သူအဖွဲ့ခေါင်းဆောင်ထံ စစ်ကိုင်းတိုင်းဒေသကြီး အောင်နိုင်ရေးအလံကို ပေးအပ်သည်။

**ဆုငွေချီးမြှင့်**

ထို့နောက် ပြိုင်ပွဲဝင်မည့် အနုပညာရှင်များက ဧည့်ခံဖျော်ဖြေကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်မည့် အနုပညာရှင်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ဗ လ ငါး တန် ဖွံ့ ဖြိုး ဖို့ စာ အုပ် စာ ပေ လေ့ လာ စို့**

# ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်အား သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏အထူးကိုယ်စားလှယ် လာရောက်တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်အား သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Ms. Margareta Wahlstrom သည် ယနေ့ညနေ ၅ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် သဘာဝဘေးလျော့ပါးရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ခြေလျင်နှင့်တောင်တက် အသင်းနာယကများ ပူဇော်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၃**

တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်အသင်းက နှစ်စဉ် ကျင်းပမြဲဖြစ်သည့် (၁၆)ကြိမ်မြောက် ဂုဏ်ထူးဆောင်နာယကများ ပူဇော်ပွဲကို အောက်တိုဘာ ၁၆ ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ် အဖွဲ့ဝင်များနှင့် တက္ကသိုလ်ကောလိပ်အသီးသီး၊ ပညာသင်နှစ်အသီးသီးမှ ကျောင်းသားဟောင်းများ၊ မျိုးဆက်သစ်များ မပျက်မကွက်တက်ရောက်ကြရန် ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့က နှိုးဆော်ထားသည်။ (သတင်းစဉ်)

# ခိုးယူခြင်းခံရသော မော်တော်ဆိုင်ကယ်များအား မူလပိုင်ရှင်များထံ ပြန်လည်အပ်နှံပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၃**

နေပြည်တော်ကောင်စီနယ်မြေ ဝန်ထမ်းအိမ်ရာများမှ ခိုးယူခြင်းခံရသော မော်တော်ဆိုင်ကယ်များအား မူလပိုင်ရှင်များထံ ပြန်လည်အပ်နှံပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ကောင်စီရုံး၌ ကျင်းပရာ ဝန်ထမ်းအိမ်ရာများမှ ခိုးယူခြင်းခံရပြီး ပြန်လည်သိမ်းဆည်းရမိသော မော်တော်ဆိုင်ကယ်များ ပြန်လည်အပ်နှံရေးအဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင် ဦးစောလှနှင့် တာဝန်ရှိသူများ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ဝန်ကြီးဌာနများမှ ရုံးအဖွဲ့မှူးများ၊ မော်တော်ဆိုင်ကယ်ပိုင်ရှင်များ တက်ရောက်ကြသည်။

**ပေးအပ်**

ရှေးဦးစွာ နေပြည်တော်ကောင်စီဝင် ဦးစောလှက အမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးရဲမြင့်က ဖော်ထုတ်ဖမ်းဆီးရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် နေပြည်တော် စည်ပင်သာယာရေးကော်မတီဌာနမှူး ဦးသက်နှင်းဦးက မော်တော်ဆိုင်ကယ်များနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပိုင်ရှင်များထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**နေပြည်တော်ကောင်စီဝင် ဦးစောလှ နေပြည်တော်ကောင်စီနယ်မြေ ဝန်ထမ်းအိမ်ရာများမှ ခိုးယူခြင်းခံရသော မော်တော်ဆိုင်ကယ်များအား မူလပိုင်ရှင်များထံ ပြန်လည်အပ်နှံပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

# (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၅)ရပ်

(၁) တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

(၂) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(၃) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(၄) အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ထိန်းသိမ်းဖော်ထုတ်ပြီး တီထွင်မြှင့်တင်လျက် နိုင်ငံတကာအဆင့်မီ ဆန်းသစ်ပေါင်းစပ်ပေးနိုင်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

(၅) အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရာတွင် အနုသုခုမဂီတပညာဖြင့် တစ်တပ်တစ်အား ပါဝင်လက်တွဲဆောင်ရွက်ရေး။

# အစားအသောက်ဆိုးဆေးနှင့် ကျန်းမာရေး

## ဒေါက်တာထွန်းဇော် (အစာ/ဆေးဝါး)

လူတို့၏အခြေခံလိုအပ်ချက်ဖြစ်သည့် စား၊ ဝတ်၊ နေရေး ဆိုသည့် အရေးသုံးခုတွင် စားရေးသည် ဦးစွာပထမ လိုအပ်သည့်အရေးတစ်ခုဖြစ်ပေသည်။ မနက်မိုးလင်းအိပ်ရာထ မျက်စိနှစ်လုံးဖွင့်ပြီဆိုမှုဖြင့် စားရေးသောက်ရေးကိစ္စနှင့် စတင်ရတော့သည်။ ထမင်းအသက်ခုနစ်ရက်၊ ရေအသက် တစ်မနက် ဆိုသည်မဟုတ်ပါလား။ အသက်ရှင် ရပ်တည်နိုင်ရန် အစားအသောက်သည် မရှိမဖြစ်လိုအပ်ပေသည်။ မိမိတို့ပတ်ဝန်းကျင်တွင် စားသောက်ဖွယ်ရာ အမျိုးမျိုးတို့ကလည်း အသွင်သဏ္ဌာန်ပုံစံအမျိုးမျိုးနှင့် ရှိနေကြပေသည်။ မျက်မှောက်ခေတ်တွင် စားသောက်ကုန် အမယ်ပေါင်းများစွာကလည်း ဟောတစ်မျိုး၊ ဟောတစ်မျိုးဆိုသလို ပေါ်ထွက်လာလျက်ရှိရာ စားသုံးသူတို့အတွက် ရွေးချယ်စရာ အခွင့်အလမ်းပေါများလာသည့် အနေအထားပင်ဖြစ်သည်။

သို့သော် "အသွားမတော်တစ်လှမ်း၊ အစားမတော်တစ်လုတ်" ဆိုသည့် ဆိုရိုးစကားပမာ မိမိကျန်းမာရေးအတွက် သင့်လျော်မှန်ကန်သည့် အစားအသောက်များကို ရွေးချယ်စားသုံးတတ်ရန်မှာ လွန်စွာအရေးကြီးလှပေသည်။ မိမိကျန်းမာရေးကိုထိခိုက်စေမည့် အစားအသောက်များကို မိမိကိုယ်တိုင်ရွေးချယ်ဝယ်ယူ စားသောက်မိနေပါလျှင် ကိုယ့်အသက်၊ ကိုယ့်ကျန်းမာရေးကို ကိုယ်တိုင်ဖျက်ဆီးနေသကဲ့သို့ပင် ဖြစ်ပေမည်။ "အသက်ကိုဉာဏ်စောင့်၊ ဥစ္စာကို ကံစောင့်"ဆိုသည် မဟုတ်ပါလား။

ယနေ့ဈေးကွက်တွင် ရောင်းချနေသော အစားအသောက်များတွင် မီးဖိုချောင်သုံး အခြေခံစားသောက်ကုန်မှသည် အဆင့်မြင့်ထုပ်ပိုးပြုပြင်ပြီး စားသောက်ကုန်အထိ အသွေးအရောင်အမျိုးမျိုးတို့ဖြင့် ဝယ်ချင့်စဖွယ်၊ စားချင့်စဖွယ်ဖြစ်အောင် ထုတ်လုပ်ရောင်းချလာကြသည်ကို တွေ့မြင်နေရပေသည်။ ဈေးထဲမှာ မျှစ်ကို အနီရောင်ဆေးဆိုးထားသည်။ ကြက်သားကို အဝါရောင်ဆိုးထားသည်။ ငရုတ်သီးမှုန့်၊ အရောင်တင်မှုန့်ကို အနီရောင်ထပ်ကဲပေးထားသည်။ ငါးပိနှင့် လက်ဖက်တွင်လည်း ပင်ရင်းဒေသထုတ်လုပ်စဉ်ကပင်လျှင် အရောင်ဆိုးဆေးထည့်သွင်းပြီးဖြစ်သည်။ ကလေးများအတွက် မုန့်ပဲသရေစာများကိုလည်း ကြည့်ပါဦး။ ဂျယ်လီ၊ အချိုရည်၊ သကြားလုံးအမျိုးမျိုးတို့ကလည်း အရောင်အသွေးစုံလင်လှပါဘိ။ စာသင်ကျောင်း အနီးပတ်ဝန်းကျင် မုန့်သည်တို့ရောင်းသည့် အာတာပူစီ၊ ရေခဲချောင်း၊ ရေခဲမုန့်နှင့်အကင်များကလည်း အရောင်နှင့် လွတ်သည်ဟူ၍မရှိ။ အဘယ့်ကြောင့် အစားအသောက်များကို အရောင်ဆိုးနေကြပါသနည်း။ အစားအသောက်များကို အရောင်ဆိုးကြသည့် အခြေခံအကြောင်းများစွာရှိသည့်အနက်-

- မျက်စိအမြင်အာရုံတွင် ဆွဲဆောင်မှုရှိစေရန်
- သဘာဝရှိပြီးအရောင်ကို ပိုမိုညီညာတောက်ပစေရန်
- စားသောက်ကုန် အမျိုးအစားအလိုက် ဝိသေသ အရောင်ဖြစ်လာစေရန်နှင့်
- အစားအသောက်ကို အလှအပခြယ်မှုန်းရန်တို့မှာ

အဓိကအကြောင်းများပင်ဖြစ်သည်။ အစားအသောက်များတွင် မူလသဘာဝအရောင်များ ရှိပြီးဖြစ်သော်လည်း ပိုမိုဆွဲဆောင်မှုရှိစေရန် အရောင်ဆိုးဆေးများကို အမျိုးမျိုး အသုံးပြုလာနေကြခြင်းဖြစ်သည်။

အစားအစာ အရောင်ဆိုးဆေးများတွင် သဘာဝအရောင်ဆိုးဆေး (Natural Food Dyes)များနှင့် လူလုပ်ဓာတုဆိုးဆေး (Artificial Dyes) များဟူ၍ အုပ်စု နှစ်စုခွဲခြားနိုင်ပေသည်။ အဆိုပါ နှစ်မျိုးစလုံးကို စီးပွားဖြစ်ထုတ်လုပ်ရောင်းချလျက်ရှိနေသည်။ သဘာဝအရောင်ဆိုးဆေးများကို အစားအသောက်တွင် သုံးစွဲရန်ခွင့်ပြုထားသော်လည်း ယင်းသဘာဝအရောင်ဆိုးဆေးများသည်ပင်လျှင် ဘေးထွက်ဆိုးကျိုးမကင်းပေ။ လူလုပ် ဓာတုဆိုးဆေးများဆိုလျှင် ဆိုဖွယ်ရာမရှိတော့ပေ။ သဘာဝ အရောင်ဆိုးဆေးများသည် အပင်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများဖြစ်သည့်အားလျော်စွာ အော်ဂဲနစ်ဓာတ်သဘာဝဖြစ်ခြင်းကြောင့် ဓာတ်မတည့်ခြင်း၊ ယားယံစေခြင်း၊ ရင်ကျပ်ခြင်း၊ ပန်းနာဖြစ်စေခြင်းနှင့် အချို့သောသူများတွင် သေစေလောက်သော ဓာတ်မတည့်တုံ့ပြန်မှု (Anaphylactic Shock)များပင် ဖြစ်နိုင်ပေသည်။ Carmine ကဲ့သို့သော အနီရောင်ဆိုးဆေးမှာ အင်းဆက်ပိုးတစ်မျိုးဖြစ်သော (Dactylopius coccus)မှ ထုတ်လုပ်ထားခြင်းကြောင့် အထက်ပါကိစ္စရပ်မျိုး ပိုမိုဖြစ်နိုင်ခြေရှိပေသည်။

လူတို့ဖန်တီးပြုလုပ်ထားသော ဆိုးဆေးများသည် ဓာတုဗေဒ နည်းများဖြင့် ဖော်စပ်ထားပြီး အချို့မှာ ရေနံစိမ်းမှ ချက်လုပ်ဖော်စပ်ထားသော အေဇိုဒြပ်ပေါင်း (Azo compound) များ ဖြစ်သည်။ နည်းပညာ၏ တိုးတက်မှုနှင့်အတူ အစားအသောက်သုံး အရောင်ဆိုးဆေးဟူ၍ တစ်မျိုးပြီးတစ်မျိုး ရောင်စုံထွက်ပေါ်လာနေသော်လည်း စနစ်တကျ ဆန်းစစ်သုတေသနပြုချက်အရ မူလက အစားအသောက်တွင် သုံးခွင့်ပြုသည့်ဆိုးဆေးအဖြစ် သတ်မှတ်ထားရှိသော်လည်း နောက်ပိုင်းတွင် ဘေးထွက်ဆိုးကျိုးများကို သိမြင်လာရ၍ ခွင့်ပြုဆိုးဆေးစာရင်းမှ ပယ်ဖျက်လိုက်ရသော ဆိုးဆေးများမှာလည်း မနည်းလှပေ။

ဤနည်းဖြင့်ပင် ခွင့်ပြုဆိုးဆေးစာရင်းဝင် ဖြစ်လာလိုက် ပြန်ပယ်ဖျက်လိုက်နှင့် အစားအသောက်သုံး ဓာတုဆိုးဆေးများ၏ စာရင်းမှာ ပုံသေကားချပ် ချမှတ်ထား၍မရနိုင် ဖြစ်နေရပေ၏။ သိပ္ပံနည်းကျ စမ်းသပ်တွေ့ရှိချက်များအရ ဓာတုဆိုးဆေးများ၏ ဘေးထွက်ဆိုးကျိုးများကို ပိုမိုသိရှိတွေ့မြင်လာကြရသည်။ ဓာတုဆိုးဆေးတစ်ခုချင်း၏ ဘေးထွက်ဆိုးကျိုးများမှာလည်း သိမြင်လာရသည့်အခါ အမှန်ပင်ကြောက်စရာကောင်းနေပေတော့သည်။ အစားအသောက်သုံးခွင့်ပြု ဆိုးဆေးများသည်ပင်လျှင် သုတေသနပြုချက်များအရ ကျန်းမာရေးကို ဆိုးရွားစွာ မထိခိုက်နိုင်သော်လည်း အတိုင်းအတာတစ်ခုအထိ ထိခိုက်နိုင်ကြောင်း နောက်ပိုင်းတွင် သိရှိလာရပေသည်။ ယခုခွင့်ပြုထားသည့် အဝါရောင်ဆိုးဆေး (Tartrazine)နှင့် ပန်းရောင်ဆိုးဆေး (Erythrosine)တို့သည်ပင်လျှင် ဘေးထွက်ဆိုးကျိုး အနည်းငယ်ရှိကြောင်း စတင်တွေ့ရှိလာနေပြီဖြစ်သည်။ ထို့ကြောင့် ရာနှုန်းပြည့် စိတ်ချလက်ချအသုံးပြုနိုင်သည်ဟု အာမခံထားခြင်းမရှိပါ။ အနောက်တိုင်းနိုင်ငံကြီးအချို့တွင် ယခုမျက်မှောက် အခြေအနေ၌ အစားအသောက်တွင် ဆိုးဆေးအဖြစ် အသုံးပြုရန် ခုနစ်မျိုးကိုသာ မူလအရောင်အဖြစ် ခွင့်ပြုလက်ခံသုံးစွဲလျက်ရှိပေသည်။

လူတို့ဖန်တီးပြုလုပ်ထားသော ဓာတုဆိုးဆေးများကြောင့် ဓာတ်မတည့်ခြင်း၊ ချောင်းဆိုး၊ ရင်ကျပ်ပန်းနာနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများအပြင် ကင်ဆာအမျိုးမျိုးဖြစ်ပွားစေခြင်းနှင့် မျိုးဗီဇထိခိုက်ပျက်စီးခြင်းများ ဖြစ်နိုင်သည်ဆိုသည်ကို အခိုင်အမာအထင်အရှား တွေ့ရှိပြီးဖြစ်သည်။ ထို့ကြောင့် ရောင်စုံဂျယ်လီ၊ သကြားလုံး၊ အချိုရည်များ စွဲမက်စွာစားသုံးတတ်သော ကလေးများသည် ချောင်းဆိုးရင်ကျပ် မကြာခဏဖြစ်တတ်သည်ကို မိမိပတ်ဝန်းကျင်တွင် သတိထားကြည့်ပါက တွေ့မြင်နိုင်ပါသည်။

နောက်ပိုင်း သုတေသနပြု လေ့လာတွေ့ရှိချက်များအရ ဓာတုဆိုးဆေးများကြောင့် ကလေးများတွင် အာရုံစူးစိုက်မှုနည်းပါးခြင်းနှင့် ဂနာမငြိမ်သော လက္ခဏာစု(Attention Deficit Hyperactivity Disorder-ADHD)များ ဖြစ်ပေါ်ခံစားရကြောင်း တွေ့ရှိလာရသည်။ အဆိုပါ ရောဂါလက္ခဏာစုကြောင့် ကလေးများ စာသင်ကြားရာတွင် အခက်အခဲရှိခြင်းနှင့် ကျောင်းစည်းကမ်းပိုင်းဆိုင်ရာ ပြဿနာများ ပိုမိုဖြစ်ပေါ်လာကြောင်း သုတေသနပြု တွေ့ရှိလာရသည်။ အမျိုးမျိုးအဖုံဖုံ သုတေသနပြု စမ်းသပ်တွေ့ရှိချက်အရ ကျောင်းမုန့်ဆိုင်တန်းနှင့် ကျောင်းအနီးပတ်ဝန်းကျင်ဈေးဆိုင်များတွင် အရောင်ပါ အစားအသောက်အမျိုးမျိုးကို မရောင်းချရန် တားမြစ်ဖယ်ရှားလိုက်သည့်အခါ ကလေးများ၏ ပညာရည်စွမ်းဆောင်မှု တိုးတက်လာခြင်းနှင့် စည်းကမ်းပိုင်းဆိုင်ရာပြဿနာများ လျော့ကျလာကြောင်း မူလတန်းကျောင်းသားများတွင် တွေ့ရှိလာရသည်။

ယခုကဲ့သို့ အရောင်ဆိုးဆေးပါ အစားအသောက်များကြောင့် အများပြည်သူများ အထူးသဖြင့် မျိုးဆက်သစ် လူငယ်များ ကျန်းမာရေးအန္တရာယ်မထိခိုက်စေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ စဉ်ဆက်မပြတ် စောင့်ကြည့်ထောက်လှမ်း ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတစ်ဝန်း အမြို့မြို့ အနယ်နယ်တွင် ရောင်းချနေသော စားသောက်ကုန်ပစ္စည်းများကို ဈေးကွက်ထောက်လှမ်းစောင့်ကြည့်ခြင်း အစီအစဉ်(Market Surveillance) ဖြင့် ကျပန်းနမူနာများ ကောက်ယူဓာတ်ခွဲစစ်ဆေးခြင်းကို စဉ်ဆက်မပြတ် ပုံမှန်ဆောင်ရွက်လျက်ရှိရာ အများပြည်သူများစားသုံးသော လက်ဖက်များတွင် အစားအသောက်တွင် သုံးခွင့်မပြုသော အော်ရာမင်း-အို(Auramine O) ဆိုးဆေး၊ ငါးပိ/ငါးပိထောင်းများတွင် ခွင့်မပြုဆိုးဆေး ရိုဒါမင်းဘီ (Rhodamin B)နှင့် အရောင်တင်မှုန့်၊ ငရုတ်သီးမှုန့်၊ ဆီးယိုစုံများတွင် အောရိန်ရ်ိတူး (Orange II)ဆိုးဆေးများ အသုံးပြုထားကြောင်း စိစစ်တွေ့ရှိရသဖြင့် အများပြည်သူသိရှိနိုင်ရန် သတင်းစာများမှတစ်ဆင့် အသိပေးကြေညာခြင်း၊ ဈေးကွက်အတွင်းရှိ ခွင့်မပြုဆိုးဆေးပါ အစားအသောက်များ သိမ်းဆည်းဖျက်ဆီးခြင်းများကို သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီအဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ယခုတွေ့ရှိနေရသော Auramine O နှင့် Rhodamin B ဆိုးဆေးများမှာ ကျန်းမာရေးအန္တရာယ်များလှသဖြင့် အစားအသောက်တွင် သုံးစွဲခွင့်မပြုပေ။ အဆိုပါ ဆိုးဆေးများကို ယခုအခါ ရောဂါရှာဖွေရေးဓာတ်ခွဲခန်းများ၌ သလိပ်တွင် တီဘီရောဂါပိုးရှာဖွေရန်သာ အသုံးပြုပါတော့သည်။

အစားအသောက်တွင် အရောင်ဆိုးဆေးပါခြင်းကြောင့် အစားအသောက်တစ်ခု၏ အာဟာရတန်ဖိုးတိုးတက်လာခြင်း မရှိပါ။ အစားအသောက်တစ်ခုတွင် အရောင်ဆိုးဆေးပါခြင်းသည် စားသုံးသူ၏ အမြင်အာရုံကို ဆွဲဆောင်နိုင်ရုံမျှ သက်သက်သာဖြစ်ပြီး မည်သည့် အာဟာရတန်ဖိုးမျှ ပေးစွမ်းနိုင်ခြင်းမရှိပါ။ အရောင်ပါအစားအသောက်ကို စားသုံးခြင်းသည် မိမိကျန်းမာရေးအန္တရာယ်ကို လက်ယပ်ခေါ်သကဲ့သို့ပင် ဖြစ်ခြိမ့်မည်။ အစပိုင်းက တင်ပြခဲ့သလိုပင် အသက်ကိုဉာဏ်စောင့်၊ ဥစ္စာကိုကံစောင့် ဆိုသကဲ့သို့ မိမိကိုယ်တိုင် အရောင်ဆိုးဆေးပါ အစားအသောက်များကို သတိတရား လက်ကိုင်ထား၍ ရှောင်ရှားရုံမျှမက မိမိ၏ သားသမီး၊ မိသားစု၊ မိမိပတ်ဝန်းကျင်မှ အများသူငါများအားလည်း အရောင်ဆိုးဆေးပါ အစားအသောက်များကို မစားသုံးမိစေရန် တိုက်တွန်းဆော်ဩခြင်း၊ ပညာပေးစည်းရုံးခြင်းများ ဆောင်ရွက်ခြင်းဖြင့် မိမိလူမျိုးအသက်ရှည်ရာ အနာမဲ့ကြောင်းကို ဝိုင်းဝန်းစောင့်ရှောက်ပေးကြရန် တိုက်တွန်းလိုပါသည်။

အလားတူစွာပင် စားသောက်ကုန်ထုတ်လုပ်ရောင်းချသူများမှလည်း မိမိအကျိုးစီးပွားရှာဖွေရာ၌ တစ်ပါးသူ၏ အသက်နှင့် ကျန်းမာရေးကို ရင်းနှီး၍ မရှာဖွေသင့်ပေ။ သမ္မာအာဇီဝကောင်းစွာ အသက်မွေးခြင်းကိုသာ ပြုသင့်လှပေသည်။ နိုင်ငံအချို့မှ နာမည်ကြီးကုန်တိုက်၊ စူပါမားကတ်များဆိုလျှင် အရောင်ဆိုးဆေးကင်းစင်သည့် စားသောက်ကုန်များကိုသာ ရွေးချယ်ရောင်းချသည့် ကုန်တိုက်ကြီးများအဖြစ် ဂုဏ်ယူဝင့်ကြွားစွာ ခံယူရောင်းချလျက်ရှိလာကြပြီ ဖြစ်သည်။ တိုးတက်သည့်လူ့အဖွဲ့အစည်းတွင် အသိဉာဏ်မြင့်မားခြင်းကို ပြဆိုသည့် ပြယုဂ်တစ်ရပ်အနေဖြင့် အရောင်ဆိုးဆေးကင်းစင်သည့် အစားအသောက်ကိုသာ ရွေးချယ်ဝယ်ယူစားသုံးခြင်းသည်လည်း ဖက်ရှင်တစ်ခုသဖွယ် ဖြစ်လာနေပေသည်။

တိုင်းပြည်၏ အနာဂတ်ခေါင်းဆောင်ဖြစ်လာမည့် ယနေ့လူငယ်ကလေးများကိုလည်း ဉာဏ်ပညာထက်မြက်၊ စည်းကမ်းပြည့်ဝသော လူကြီးလူကောင်းများ ဖြစ်လာစေရန် မိဘများမှလည်း မိမိ၏ သားသမီးများကို အရောင်ဆိုးဆေး လွန်ကဲစွာပါသော၊ သဘာဝလွန်အရောင်များ ပါသော အစားအသောက်များကို မစားမိစေရန် စောင့်ရှောက်သွန်သင်ခြင်းဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်၍ ပညာရည်မြင့်မားသော လူ့အဖွဲ့အစည်းဖြင့် နိုင်ငံတော်သစ်တစ်ရပ် ဝိုင်းဝန်းတည်ဆောက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပေသည်။ ။



# နိုင်ငံသားစိစစ်ရေးကတ်ပြားများ စုပေါင်းပေးအပ်ပွဲ ကျင်းပ

**ကောလင်း အောက်တိုဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ကောလင်းမြို့ အခြေခံပညာအလယ်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၅၀ စုပေါင်းပေးအပ်ပွဲကို စက်တင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီတွင် အနော်ရထာခန်းမဆောင်၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးမျိုးခိုင်က ကျောင်းအုပ်ဆရာကြီး ဦးသန်းမြင့်ထံ ကျောင်းသား၊ ကျောင်းသူများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ (၅၇၄)

# တောင်ကြီးမြို့၌ သီတင်းကျွတ်ပွဲတော်စည်ကား

**တောင်ကြီး အောက်တိုဘာ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင် အောက်တိုဘာ ၁၂ ရက် (သီတင်းကျွတ်လပြည့်)(အဘိဓမ္မာအခါတော်နေ့)တွင် တိုင်းရင်းသားပြည်သူများက မြို့ကျက်သရေဆောင် စူဠာမုနိလောကချမ်းသာဘုရား၊ အတုလမာရဇိန်မြို့လယ်ဓမ္မာရုံနှင့် မြို့ပေါ်ရှိ ဘုရားများ၊ ဘုန်းတော်ကြီးကျောင်းများတွင် ဆွမ်း၊ ရေချမ်း၊ ပန်းနှင့် ဆီမီးများပူဇော်သူများ၊ ဥပုသ်သီလစောင့်သူများနှင့် စည်ကားလျက်ရှိပြီး ညအခါ၌လည်း ဆီမီးများ၊ မီးပုံးများနှင့် လျှပ်စစ်ပန်းနွယ်များ ထွန်းညှိပူဇော်ပြီး မီးပုံးပျံများလွှတ်တင်ကာ ဗုဒ္ဓမြတ်စွာဘုရားအား ပူဇော်ကြကြောင်း သိရသည်။ (သန်းဇော်မြင့်)

# အာဆီယံ-ဂျပန် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲနှင့် မြရိပ်ညိုဖောင်ဒေးရှင်း တည်ထောင်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်း

**ရန်ကုန် အောက်တိုဘာ ၁၃**

မြန်မာနိုင်ငံတွင် နိုဝင်ဘာ ၂ ရက်မှ ၄ ရက်အထိ ကျင်းပပြုလုပ်မည့် (၃၇)ကြိမ်မြောက် အာဆီယံ-ဂျပန်စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲ (37th ASEAN-Japan Business Meeting) နှင့် ပတ်သက်၍ စာနယ်ဇင်းတွေ့ဆုံရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီခွဲက မြရိပ်ညိုဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ 37th ASEAN-Japan Business Meeting-AJBM ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ဆွေးနွေးပွဲကျင်းပမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး **(အောက်ပုံ)**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အတွင်းရေးမှူး ဦးမိုးကျော်က အာဆီယံ-ဂျပန်စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲများနှင့် ပတ်သက်၍ ပြောကြားသည်။ ဆက်လက်၍ တက်ရောက်လာကြသော စာနယ်ဇင်းများက သိရှိလိုသည်များကို မေးမြန်းကြရာ AJBM ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားသည်။



အာဆီယံ-ဂျပန်စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကို မြန်မာနိုင်ငံတွင် ကျင်းပနိုင်ခြင်းကြောင့် အာဆီယံနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် မြန်မာနိုင်ငံ၏ ပြောင်းလဲလျက်ရှိသော နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာ ပကတိအခြေအနေများကို သိရှိပြီး မြန်မာနိုင်ငံသား လုပ်ငန်းရှင်များနှင့် အာဆီယံ၊ ဂျပန်နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များ ထိတွေ့ဆက်ဆံမှုမှတစ်ဆင့် စီးပွားရေးလုပ်ငန်းများ ပူးပေါင်းလုပ်ကိုင် ဆောင်ရွက်နိုင်မည့် အခွင့်အရေးများ ရရှိလာမည်ဖြစ်သည်။ ထို့ပြင် အဆိုပါ ဆွေးနွေးပွဲသို့ ဂျပန်နိုင်ငံမှ ကုမ္ပဏီဥက္ကဋ္ဌများနှင့် အကြီးအကဲများ တက်ရောက်ကြမည်ဖြစ်ရာ မြန်မာနိုင်ငံ၏ ရှေ့ဆက်သွားမည့် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွင် ကြီးမားသော အထောက်အကူပြုနိုင်မည့် အလွန်အရေးပါသော စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ မြရိပ်ညို(ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု) ဖောင်ဒေးရှင်းနှင့်ပတ်သက်၍ စာနယ်ဇင်းတွေ့ဆုံရှင်းလင်းပွဲကို ကျင်းပခဲ့ပြီး မြရိပ်ညိုဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် ဒုတိယဥက္ကဋ္ဌ ဦးဇေသီဟတို့က ဖောင်ဒေးရှင်း တည်ထောင်ရခြင်းနှင့် ရည်ရွယ်ချက်တို့ကို ရှင်းလင်းပြောကြားသည်။ မြရိပ်ညိုဖောင်ဒေးရှင်းကို တည်ထောင်ရသည့် ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် နေထိုင်လျက်ရှိသော နိုင်ငံသားများ၏ ဘဝပြန်လည်ထူထောင်ရေး၊ လူမှုစီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုစသည်တို့ကို ထောက်ပံ့ကူညီခြင်း၊ ကျေးလက်နေပြည်သူများ၏ အခြေခံလူနေမှုဘဝနှင့် လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ပေးခြင်းဖြင့် ကျေးလက်နှင့် မြို့ပြလူနေမှုဘဝ ကွာခြားမှုကို လျှော့ချပေးသွားရန်ဖြစ်ကြောင်း သိရသည်။(ကြေးမုံ)

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ပူးတွဲလေ့ကျင့်လျက်ရှိသော မြန်မာ့ကျွမ်းဘားအားကစားအဖွဲ့အား သွားရောက်အားပေး

**ရန်ကုန် အောက်တိုဘာ ၁၃**

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုဆုတံဆိပ်များရရှိစေရေးအတွက် ဩဂုတ် ၂၄ ရက်မှ အောက်တိုဘာ ၂၅ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ ကျွမ်းဘားလေ့ကျင့်ရေးစခန်း၌ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်နေသော မြန်မာ့လက်ရွေးစင် ကျွမ်းဘားအားကစားအဖွဲ့အား လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် မြန်မာနိုင်ငံကျွမ်းဘား အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝေလင်းအောင် ဦးဆောင်သော အဖွဲ့ဝင်လေးဦးသည် ယနေ့မွန်းလွဲ ၂ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းဝင်း၊ အမှုဆောင်များနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသန်းဟန်၊ အမှုဆောင်အဖွဲ့ဝင်များအဖြစ် ဦးနေထွန်းမင်းနှင့် ဦးမောင်မောင်ဝင်းတို့ လိုက်ပါသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာ့ရိုးရာစစ်တုရင် တစ်ဦးချင်း တံခွန်စိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၃**

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် မြန်မာ့ရိုးရာစစ်တုရင် တစ်ဦးချင်း တံခွန်စိုက်ပြိုင်ပွဲကို အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၇ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်ပြီး အောက်တိုဘာ ၂၉ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ရုံးခန်း၌ စာရင်းပေးသွင်းနိုင်ကြောင်းသိရှိရသည်။(သတင်းစဉ်)

# ဝယ်ဇလီဆေးရုံငွေရတုအထိမ်းအမှတ် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဖွင့်

**ရန်ကုန် အောက်တိုဘာ ၁၃**

၂၀၁၁ ခုနှစ် မစ်သဒစ်အသင်းတော်ပိုင် ဝယ်ဇလီဆေးရုံ(၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁ ရက် ညနေ ၃ နာရီတွင် ကလေးမြို့ တာဟန်းရပ်ကွက် ဘောလုံးအားကစားကွင်း၌ ကျင်းပရာ အသင်းပေါင်း ၃၂ သင်းပါဝင်ပြီး ဖွင့်ပွဲကျင်းပသည့်နေ့တွင် နေ့ချင်းပြီး အားကစားပြိုင်ပွဲများအဖြစ် ဘော်လီဘော၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်နှင့် ပိုက်ကျော်ခြင်း ပြိုင်ပွဲများကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြု လုပ်ငန်းကော်မတီ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဟောပြောပွဲကို စက်တင်ဘာ ၂၄ ရက်က မြဝတီမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး သောင်ရင်းခန်းမ၌ ကျင်းပရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဦး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း ဟောပြောစဉ်။** (၅၇၀)




# မန်ယူအသင်း ဟာနန်ဒက်ဇ်နှင့် ငါးနှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆို

**မန်ချက်စတာ အောက်တိုဘာ ၁၃**

ပွဲစဉ်(၇)အပြီးတွင် ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်တွင် ဦးဆောင်နေသည့် မန်ယူအသင်းသည် အသင်း၏တိုက်စစ်မှူး ဟာနန်ဒက်ဇ်**(အပေါ်ပုံ)**နှင့် ငါးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် တိုးမြှင့်ချုပ်ဆိုနိုင်ခဲ့ပြီဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်း၏ စိတ်ဝင်စားခြင်းကို ခံနေရသည့် ပဲစိမ်းလုံးလေး ဟာနန်ဒက်ဇ်သည် မန်ယူအပေါ် သစ္စာရှိသွားမည်ဟု ပြောဆိုခဲ့သည့်အတိုင်း အသင်း၏ကမ်းလှမ်းမှုကို လက်ခံကာ စာချုပ်သက်တမ်း တိုးမြှင့်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ **အင်တာနက်။**

## ဘောလုံးလောကသတင်းတိုများ

* ဖီအိုရင်တီးနားကွင်းလယ်ကစားသမား မွန်တိုလီဗိုကို အေစီမီလန်၊ အာဆင်နယ်တို့နှင့်အပြိုင် မန်ယူကပါခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။
* ဒရော့ဘာသာ အသင်းပြောင်းမည်ဆိုလျှင် ခေါ်ယူရန်အသင့်ရှိနေကြောင်း ဂျာမန်ကလပ် ဘိုင်ယန်မြူးနစ်က ဆိုသည်။
* လာဇီယိုနှင့် အဝေးကွင်းကစားရမည့်ပွဲတွင် ရိုးမားအသင်းခေါင်းဆောင် တော့တီမှာ ပါဝင်နိုင်ဦးမည်မဟုတ်ကြောင်း သိရသည်။

# ဗီဒစ်နှင့် စတန်ကိုဗစ်တို့ နိုင်ငံလက်ရွေးစင်အသင်းမှ အနားယူတော့မည်

**လန်ဒန် အောက်တိုဘာ ၁၃**

ဆားဘီးယားနိုင်ငံသားများ ဖြစ်ကြသည့် မန်ယူနောက်ခံကစားသမား ဗီဒစ်နှင့် အင်တာမီလန်ကစားသမား စတန်ကိုဗစ်တို့သည် ၎င်းတို့၏ နိုင်ငံအသင်း ၂၀၁၂ ဥရောပဖလားခြေစစ်ပွဲအောင်မြင်ခြင်း မရှိခဲ့သည့်နောက်ပိုင်းတွင် နိုင်ငံလက်ရွေးစင်အသင်းမှ အနားယူတော့မည်ဟု ထုတ်ဖော်ပြောကြားလာသည်။



**မန်ယူနောက်ခံကစားသမားဗီဒစ် ။**

ဆားဘီးယားအသင်းသည် ဥရောပဖလားခြေစစ်ပွဲတွင် ဆလိုဗေးနီးယားအသင်းကို အနိုင်ရပါက ခြေစစ်ပွဲအောင်ရန် မျှော်လင့်ချက်ရှိသော်လည်း အဆိုပါပွဲတွင် ဗီဒစ်၏ ပယ်နယ်တီလွဲချော်မှုနှင့်အတူ ရှုံးနိမ့်ခဲ့ရသည်။ ထို့ကြောင့် ဆားဘီးယားအသင်းခြေစစ်ပွဲမအောင်မြင်ရခြင်းမှာ မိမိတွင် အဓိကတာဝန်ရှိသည်ဟုဆိုကာ နိုင်ငံလက်ရွေးစင်ဘဝမှ အနားယူရန်ဆုံးဖြတ်ခဲ့သည်ဟု ဗီဒစ်က ဆိုသည်။

ထို့ပြင် စတန်ကိုဗစ်ကလည်း မိမိအသက်အရွယ်အရ နိုင်ငံအသင်းမှ အနားယူသင့်ပြီဖြစ်သကဲ့သို့ အင်တာမီလန်အတွက် တစိုက်မတ်မတ် အာရုံစိုက်နိုင်ရေးအတွက် နိုင်ငံအသင်းမှအနားယူရန် စဉ်းစားခဲ့ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

**အင်တာနက်။**

**ဟန်သစ်**

# သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးသဖြင့် ရွှေလီ-မန်စံ မဟာဓာတ်အားလိုင်း၏ တာဝါတိုင်တစ်တိုင် ချို့ယွင်းပျက်စီးသွားခဲ့ တာဝါတိုင်အား ပြန်လည်ပြုပြင်လျက်ရှိကြောင်း သိရှိရ

နေပြည်တော် အောက်တိုဘာ ၁၃

**ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မန်တုံမြို့နယ် လွယ်လန်းကျေးရွာအနီး၂၃၀ ကေဗွီ ရွှေလီ-မန်စံ မဟာဓာတ်အားလိုင်း၏ တာဝါတိုင်တစ်တိုင်အား သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးသဖြင့် ချို့ယွင်းပျက်စီးသွားခဲ့ကြောင်း၊ တာဝါတိုင်အား ပြန်လည်ပြုပြင်လျက်ရှိကြောင်း သိရှိရသည်။**

အောက်တိုဘာ ၄ ရက် ညနေပိုင်းတွင် မဟာဓာတ်အားလိုင်းမှူး(မန်စံ)နှင့် အဖွဲ့သည် ရွှေလီ-မန်စံ မဟာဓာတ်အားလိုင်း၏ တာဝါတိုင်အမှတ် (SM-129) (Suspension Tower)အား သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲသွားကြောင်း သတင်းရရှိသဖြင့် သွားရောက်စစ်ဆေးရာ တာဝါတိုင်၏ အောက်ခြေခြေထောက်လေးချောင်းအနက် သုံးချောင်းပြတ်၍ တစ်ချောင်းကွေးညွှတ်ပြီး တာဝါတိုင်ပြိုလဲကာ ဓာတ်အားပြတ်တောက်ခဲ့ကြောင်း၊ ယင်းတာဝါတိုင်ပြိုလဲခြင်းကြောင့် ရွှေလီဓာတ်အားပေးစက်ရုံမှ ၂၃၀ ကေဗွီ ရွှေလီ-မန်စံ မဟာဓာတ်အားလိုင်းသို့ ဓာတ်အားထုတ်လုပ်ပို့လွှတ်နိုင်ခြင်း မရှိသဖြင့် ဓာတ်အားစနစ်အတွင်း ၁၂၀ မဂ္ဂါဝပ်ခန့် လျော့နည်းလျက်ရှိကြောင်း၊ သို့အတွက် ပေါင်းလောင်းဓာတ်အားပေးစက်ရုံမှ ဓာတ်အားပေးစက်နှစ်လုံး၊ ဘီလူးချောင်း (၂) ဓာတ်အားပေးစက်ရုံမှ ဓာတ်အားပေးစက်တစ်လုံးတို့ဖြင့် လျှပ်စစ်ဓာတ်အားပိုမိုတိုးမြှင့်ထုတ်လုပ်၍ ဖြန့်ဖြူးလျက်ရှိကြောင်းနှင့် တာဝါတိုင်အား မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ်ဦးစီး၍ ဝန်ထမ်း ၄၅ ဦးတို့က ပြန်လည်ပြုပြင်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)



**သောင်းကျန်းသူများ မိုင်းထောင် ဖောက်ခွဲဖျက်ဆီးမှုကြောင့် ချို့ယွင်း ပျက်စီးသွား သည့် ၂၃၀ ကေဗွီ ရွှေလီ-မန်စံ မဟာဓာတ်အားလိုင်း တာဝါတိုင် အမှတ် (SM-129) (Suspension Tower) အား တွေ့ရစဉ်။**

(သတင်းစဉ်)

# အာရှနိုင်ငံများ၏ ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် Globalization ကြောင့် ရိုက်ခတ်လာမည့် ပြည်ပယဉ်ကျေးမှုထိုးဖောက်လွှမ်းမိုးမှုကို ကာကွယ်နိုင်ပြီး အာရှလူမှုတန်ဖိုးများကို ပိုမိုထိန်းသိမ်းမြှင့်တင်နိုင်မည်

**နေပြည်တော် အောက်တိုဘာ ၁၃**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် အောက်တိုဘာ ၁၀ ရက် နံနက် ၈ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့၌ကျင်းပသည့် အာဆီယံ-တရုတ် (၁၀+၁) ယဉ်ကျေးမှုဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ရှေးဟောင်းယဉ်ကျေးမှု သမိုင်းအမွေအနှစ်များ၊ ဓလေ့ထုံးတမ်းအစဉ်အလာများ မပျောက်ပျက်အောင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ထိန်းသိမ်းဆောင်ရွက်ရာတွင် အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီး၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံက အဆိုပြုသည့် အာဆီယံ-တရုတ် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို အဆင့်တိုးမြှင့်ရေးနှင့် ယဉ်ကျေးမှုဝန်ကြီးများ ပုံမှန်အစည်းအဝေးကို ၂၀၁၂ ခုနှစ်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပရေးလုပ်ငန်းစဉ်အားထောက်ခံပါကြောင်း၊ အာရှနိုင်ငံများအတွင်း ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ခြင်းအားဖြင့် ပြည်သူများအချင်းချင်း နားလည်မှုပိုမိုတိုးတက်လာပြီး အခြားကဏ္ဍများဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေးကဏ္ဍများလည်း ပိုမိုတိုးတက်လာမည် ဖြစ်ပါကြောင်း၊ အာရှနိုင်ငံများ၏ ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် Globalization ကြောင့် ရိုက်ခတ်လာမည့် ပြည်ပယဉ်ကျေးမှုများ၏ ထိုးဖောက်လွှမ်းမိုးမှုအန္တရာယ်များကိုကာကွယ်နိုင်ပြီး အာရှလူမှုတန်ဖိုးများကို ပိုမိုထိန်းသိမ်းမြှင့်တင်နိုင်မည် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံနိုင်ငံများ၏ ယဉ်ကျေးမှုဝန်ကြီးများနှင့်အတူ တရုတ်ပြည်သူ့အတိုင်ပင်ခံကွန်ဖရက်၊ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ ဟိုဟော့ဂွါနှင့် တွေ့ဆုံပွဲသို့လည်းကောင်း၊ တရုတ်-အာဆီယံ ရိုးရာရက်ထည်ပြပွဲ ဖွင့်ပွဲသို့လည်းကောင်း၊ တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်၊ ချုံချင့်မြို့တော်ပါတီ ကော်မတီအတွင်းရေးမှူး မစ္စတာ ဘိုရှီလိုင်းနှင့် တွေ့ဆုံပွဲသို့ လည်းကောင်း၊ (၁၂)ကြိမ်မြောက် အာရှအနုပညာပွဲတော် ဖွင့်ပွဲသို့လည်းကောင်း တက်ရောက်ခဲ့သည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ချိုက်ဝူနှင့် သီးခြားတွေ့ဆုံပြီး ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ၊ ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ကျင်းပပြုလုပ်မည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပရေးနှင့် သတင်းရိုက်ကူးထုတ်လွှင့်ရေးဆိုင်ရာ ကိစ္စများကို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ရင်းရင်းနှီးနှီး ညှိနှိုင်းဆွေးနွေးခဲ့သည်။ (သတင်းစဉ်)



**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့၌ ကျင်းပသည့် အာဆီယံ-တရုတ်(၁၀+၁) ယဉ်ကျေးမှုဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်စဉ်။** (သတင်းစဉ်)

# မြန်မာနိုင်ငံ၌ အတွင်းတိမ်ကြောင့် မျက်စိကွယ်နေသူပေါင်း နှစ်သိန်းကျော်ရှိ အတွင်းတိမ်ခွဲစိတ်ခြင်းလုပ်ငန်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးသွားမည်

နေပြည်တော် အောက်တိုဘာ ၁၃

**နှစ်စဉ်အောက်တိုဘာလ၏ ဒုတိယကြာသပတေးနေ့ကို ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့အဖြစ် သတ်မှတ်ကျင်းပရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ၁၉၉၉ ခုနှစ်တွင် ကြေညာခဲ့ကြောင်း၊ ကျင်းပရသည့်ရည်ရွယ်ချက်မှာ မျက်စိကွယ်ခြင်းနှင့် မျက်စိအမြင်ချို့တဲ့ခြင်းများသည် အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးပြဿနာတစ်ခုဖြစ်ကြောင်း၊ ပြည်သူတစ်ရပ်လုံး သိရှိနားလည်လာရန်၊ မျက်မမြင်ကာကွယ်ကုသရေးလုပ်ငန်းများ လက်ရှိအခြေအနေထက် အရှိန်အဟုန် တိုးတက်ဆောင်ရွက်လာစေရန်နှင့် ကာကွယ်ကုသ၍ရသော မျက်စိရောဂါများကြောင့် မျက်မမြင်ဖြစ်ပွားမှုလျော့နည်းပပျောက်သွားစေရန် ဖြစ်ကြောင်းဖြင့် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၁၁ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြောကြားခဲ့သည်။**



**ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ၂၀၁၁ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ခန့်မှန်းချက်အရ ယနေ့ကမ္ဘာပေါ်တွင် အမြင်အာရုံချို့တဲ့နေသူ ၃၁၄ သန်း ရှိနေပြီး မျက်စိကွယ်သူပေါင်း ၄၅ သန်း ရှိနေကြောင်း၊ မျက်စိကွယ်သူ ၄၅ သန်းအနက် ၈၀ ရာခိုင်နှုန်းမှာ ကာကွယ်ကုသ၍ရသော ရောဂါများဖြစ်ပြီး ၉၀ ရာခိုင်နှုန်းသော မျက်စိကွယ်သူများသည် မြန်မာနိုင်ငံ အပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ နေထိုင်လျက်ရှိကြောင်း။

မြန်မာနိုင်ငံတွင် မျက်စိကွယ်ခြင်းကိုဖြစ်စေသော အဖြစ်အများဆုံး မျက်စိရောဂါသည် အတွင်းတိမ်ရောဂါဖြစ်ကြောင်း၊ ကောက်ယူထားသော စစ်တမ်းများအရ မြန်မာနိုင်ငံ၏ မျက်စိကွယ်နှုန်းသည် သုည ဒသမ ၆ ရာခိုင်နှုန်းဖြစ်ပြီး အတွင်းတိမ်ကြောင့် မျက်စိကွယ်သည့်နှုန်းသည် ၆၈ ရာခိုင်နှုန်း ဖြစ်သည့်အတွက် မြန်မာနိုင်ငံ၌ အတွင်းတိမ်ကြောင့် မျက်စိကွယ်နေသူပေါင်း နှစ်သိန်းကျော် ရှိကြောင်း၊ ကျန်းမာရေး ဝန်ကြီးဌာန၏ ဦးဆောင်မှု၊ ကုသိုလ်ရှင် ပြည်သူလူထု၏ ပံ့ပိုးကူညီထောက်ပံ့လှူဒါန်းမှုများကြောင့် အတွင်းတိမ် ခွဲစိတ်မှုများကို အခမဲ့ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သို့သော်လည်း လူတိုင်းအသက်ကြီးလာသည်နှင့်အမျှ အတွင်းတိမ် ဖြစ်လာတတ်သည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနအနေနှင့် အတွင်းတိမ် ခွဲစိတ်ခြင်းလုပ်ငန်းကို ပြည်သူ့မျက်စိကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတစ်ခုအနေဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း။

မျက်မမြင် ကာကွယ်ကုသရေး လုပ်ငန်းများ အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အနေဖြင့် မျက်စိကုဌာနများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ မျက်စိအထူးကုဆရာဝန်များ ထပ်မံလေ့ကျင့်မွေးထုတ်ပေးခြင်း၊ လိုအပ်သော ခွဲစိတ်ကုကိရိယာများ၊ အဏုကြည့်ခွဲစိတ်မှန်ဘီလူးများကို ဝယ်ယူထောက်ပံ့ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး Christoffel Blindenmission, Hellen Keller International, Asian Eye Care Association အဖွဲ့များကလည်း နှစ်စဉ် ကူညီထောက်ပံ့လျက်ရှိကြောင်း၊ ဤသို့

**စာမျက်နှာ ၇ ကော်လံ ၁ သို့**